
www.burmeseclassic.com



# ပုဏ္ဏကတိုက်တဲ့အိမ်

ဒဿဂျော်ဇာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ပုဏ္ဏာကတိုက်တဲ့အိမ်

## ဒဿကျော်စွာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com



**ပုဏ္ဏကတိုက်ခြင်းအကြောင်း အနောက်တိုင်းပညာရှင်များ အယူအဆ**

ပုဏ္ဏကကို အင်္ဂလိပ်လို ပိုတာဂျိုက်စ် Poltergeist လို့ခေါ်ပါတယ်။

(ပုဏ္ဏကနဲ့ ပိုတာဂျိုက်စ် အသံချင်းဆင်နေတာတော့ အံ့သြစရာပါ။) ဒါဟာ ဂျာမန်ဘာသာကနေ ဆင်းသက်လာတဲ့စကားလုံးဖြစ်တယ်။ အဓိပ္ပါယ်က Noisy ghost (ဆူညံသောသရဲ)တဲ့။

စိတ်ပညာရှင်တွေကတော့ ဒါဟာ သရဲခြောက်တာမဟုတ်ပါဘူး။ လှုပ်ရှားပေါက်ကွဲနေတဲ့ စိတ်ရဲ့လှိုင်းဂယက်တွေကြောင့် ဖြစ်လာရတာပါတဲ့။

သူတို့ကတော့ ဒါကို ဆိုက်ကိုကိုင်နက်ဆစ် Psychokinesic လို့ ပညာရပ်ဆန် ဆန် နာမည်ပေးထားကြတယ်။ အတိုကောက်ခေါ်ရင် ပီကေ (PK) ပေါ့။ အဲ့ဒီပီကေလို့ခေါ်တဲ့ စိတ်တန်ခိုးတွေ ထကြွသောင်းကျန်းတာကြောင့် ပုဏ္ဏကတိုက်တဲ့ ဖြစ်ရပ်မျိုး (Poltergeist Phenomena) တွေ ဖြစ်လာရတာပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ မေးစရာရှိလာပါပြီ။ ဘယ်သူ့ရဲ့ စိတ်တန်ခိုး၊ ဘယ်သူ့ရဲ့စိတ်လှိုင်းဂယက်တွေကြောင့် ဒါတွေဖြစ်လာရတာပါတဲ့လဲ?

ချုပ်တီးသားရလွန်းတဲ့၊ အလိုမကျဖြစ်ရလွန်းတဲ့ မျိုသိပ်စိတ်ဟာ အသွင်တစ်မျိုးနဲ့ (ပုဏ္ဏကတိုက်ခြင်း) ဖြစ်လာရတာပါလို့ ပြောကြတယ်။

စိတ်အင်အားပြင်းထန်တဲ့ ဘယ်သူမဆိုဖြစ်နိုင်တယ်ဆိုပဲ။

တနည်းပြောရရင် စိတ်အင်အားပြင်းထန်လွန်းတဲ့ လူတစ်ယောက်ရဲ့စိတ်ဟာ ခံနိုင်ရည်ရဲ့ အဆုံးစွန်ထိ ရောက်သွားရင် အဲဒါကိုလဲ ထင်သာမြင်သာ ပေါက်ကွဲခွင့်မရရင် ပုဏ္ဏကတိုက်တာမျိုးဖြစ်လာနိုင်တာပေါ့။

ဒါပေမယ့် လူတစ်ယောက်ရဲ့စိတ်ဟာ ဘယ်လို အခြေအနေမျိုးမှာ ခံနိုင်ရည်ရဲ့ အဆုံးစွန်ထိရောက်သွားတတ်ပါသလဲ?



စာရေးသူ လေ့လာမိသလောက်တော့ အလွန်နီးကပ်လာတဲ့သေခြင်းနဲ့ အဲ့ဒီသေခြင်းအပေါ် ပြင်းစွာ ကြောက်ရွံ့မှုဟာ လူစိတ်ကို ခံနိုင်ရည်ရဲ့ အဆုံးစွန်ထိ ရောက်သွားနိုင်တယ်လို့ ကောက်ချက်ချပါတယ်။

အဲ့ဒီကောက်ချက်ဟာ ဒီဝတ္ထုရဲ့အနှစ်သာရပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏကတိုက်ခြင်းအကြောင်း မြန်မာတို့ရဲ့ အစဉ် မြန်မာ့မိရိုးဖလာ အယူအဆ အလာ ယုံကြည်မှုမှာ "ပုဏ္ဏက" အမည်နဲ့ နတ်ဘီလူးတစ်ပါးရှိပါတယ်။ သူ့အကြောင်းကို ဇာတ်တော်ကြီးဆယ်ဘွဲ့ထဲက ဝိဓုရ ဇာတ်မှာ အတိအလင်း ဖော်ပြထားတယ်။

ပုဏ္ဏကနတ်ဘီလူးဟာ စတုမဟာရာဇ်နတ် ပြည်ကို အစိုးရတဲ့ ကုဝေရနတ်မင်းကြီးရဲ့ တူတော်ပါ တယ်။ သူဟာ အင်မတန် တန်ခိုးကြီးတဲ့ နတ်စစ်သူကြီး တစ်ပါးပါ။

အဲ့ဒီပုဏ္ဏက ဘီလူးနဲ့ ကောရဗျဆိုတဲ့ လူသား မင်းတစ်ပါးတို့ ကြွေအန်ကစားကြတဲ့အကြောင်းဟာ ဝိဓုရဇာတ်တော်ရဲ့ အင်မတန်အရေးပါတဲ့ အခန်းတစ် ခန်းပါပဲ။

သူတို့ကစားကြတဲ့ လောင်းကြေးက ပုဏ္ဏက ဘီလူးရှုံးရင် အလွန်အဖိုးတန်တဲ့ မနောဟရပတ္တမြားနဲ့ မနောမယနတ်မြင်းပျံကို ပေးရမယ်။ ကောရဗျမင်း



ရှုံးရင်တော့ သူ့ရယ်၊ သူ့မိဖုရားရယ်၊ ထီးနန်းရယ်က လွဲလို့ ကျန်တာလိုချင်သမျှ ယူစေတဲ့။

ဒီလိုနဲ့ ကစားကြတော့ ကောရဗျမင်းရှုံးပါလေ ရော။ ပုဏ္ဏကဘီလူးက ကောရဗျမင်းရဲ့ ပညာရှိအမတ် ကြီးဖြစ်တဲ့ ဝိဓုရသုခမိန်ကို တောင်းတယ်။

တကယ်က ပုဏ္ဏကဘီလူးဟာ သူ မိန်းမ တင် တောင်းဖို့ ပစ္စည်းတစ်ခုလိုမျိုးသာ ဝိဓုရအမတ်ကြီးကို လိုအပ်တာပါ။

အရင်က … ဝိဓုရအမတ်ကြီးရဲ့ တရားကို နာဖူးပြီးသဘောကျခဲ့တဲ့ နဂါးမင်းကြီးက အဲ့ဒီအကြောင်း သူ့နဂါးမိဖုရားကြီးကို ပြောပြဖူးတော့ သူမလဲ နာကြား လိုတဲ့အတွက် ဝိဓုရအမတ်ကြီးရဲ့ နှလုံးသားကို လိုချင် လိုက်တာလို့ တောင့်တတယ်။ ဒါကို သူမရဲ့သမီး နဂါးမင်းသမီးလေးက သိတော့ ဝိဓုရအမတ်ရဲ့ နှလုံး သားကို ဆောင်ယူလာနိုင်သူကို ခင်ပွန်းတော်မယ် ဖြစ် ရော။ အဲ့ဒီမှာ ပုဏ္ဏကဘီလူးနဲ့တွေ့ပြီး ပုဏ္ဏကဘီလူးက သူဆောင်ယူလာပါမယ် ဖြစ်တာ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒ ကောက်အယူလွဲကြတာပါ။ နဂါးမိဖုရားကြီးက ဝိဓုရအမတ်ကြီးရဲ့ နှလုံးသည်းပွတ် သဖွယ်တရားကိုသာ နာချင်တာ။ အမတ်ကြီးကို သေအောင်သတ်ပြီး နှလုံးသားကို ထုတ်ယူလာစေချင်တာ မဟုတ်ဘူး။

ဒါကို ပုဏ္ဏကဘီလူးက မသိတော့ ဝိဓုရအမတ်ကြီးကို ခေါ်ဆောင်လာတဲ့ လမ်းတစ်လျှောက်မှာ မသေသေအောင် အမျိုးမျိုးနှိပ်စက်ခဲ့ပါတယ်။ ပုံသဏ္ဍာန်အမျိုးမျိုးပြပြီးလဲ ခြောက်လှန့်ခဲ့တယ်။

ဒါပေမယ့် ဘုရားအလောင်းတော်ဖြစ်တဲ့ ဝိဓုရအမတ်ကြီးဟာ မသေခဲ့ဘဲ ပုဏ္ဏကဘီလူးကို တရားချနိုင်ခဲ့တယ်။ နောက်ဆုံး နဂါးပြည်ပါ တရားသွားဟောပြီး သူ့နေရင်း လူ့ပြည်ကိုတောင် ဘေးမသီရန်မခပြန် လာနိုင်ခဲ့ပါသတဲ့။

အဲ့ဒီဇာတ်တော်ကြီးပါ … ပုဏ္ဏက နတ်ဘီလူးက ဝိဓုရသုခမိန်ကို ကြမ်းတမ်းစွာနှိပ်စက်တာ၊ ပြင်းထန်ကြောက်မက်ဖွယ်ပုံသဏ္ဍာန်တွေ ပြသခြောက်လှန့်တာ



မျိုးကနေ ''ပုဏ္ဏကတိုက်ခြင်း'' ဆိုတဲ့ အသုံးအနှုန်းတစ်ခု ပေါ်ပေါက်လာတာလို့ ယူဆရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





အရင်က .... ကျုပ်ဟာ
နာနာဘာဝ၊ ဝိနာဘာဝ စတာတွေကို
ရှိတယ်လို့လဲ မထင်ဘူး။ ယုံလည်း မယုံဘူး။

ခုနောက်ပိုင်းမှ ... ဒါတွေဟာ
ငြင်းပယ်လို့မရတဲ့ အရှိတရားတွေပါလားဆိုတာ
လက်ခံလာရတယ်။

ပိဋကတ်သုံးပုံအနေနဲ့ သုတ္တန်ပိဋကတ်
နိကာယ်ငါးရပ်အနေနဲ့ ခုဒ္ဒကနိကာယ် ... မှာတောင်
"ပေတဝတ္ထု"ဆိုတာ အထင်အရှားပါသေးတာပဲ။
နာနာဘာဝ၊ ဝိနာဘာဝကို မယုံဘူးလို့ပြောတာဟာ
ဘုရားဟောကို မယုံဘူးပြောသလို ဖြစ်သွားမှာပေါ့။

ဦးမောင်မောင်သန်း
"သန်း" ခေါက်ဆွဲခြောက်စက်ရုံ
လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com





ခေါက်ဆွဲခြောက်ထုတ်လုပ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဦးမောင်မောင်သန်း၏ စက်ရုံ၌ ပထမဆုံး ထူးထူးခြားခြားဖြစ်လာသည်မှာ လျှပ်စစ်မီးသီးများပင် ဖြစ်လေသည်။

သူတို့စက်ရုံမှာ စတုရန်းသဏ္ဍာန်လေးထောင့်ခပ်ရှည်မျောမျော အဆောက်အဦဖြစ်ပြီး အိမ်သာများကို စက်ရုံ ပြင်ပနောက်ဘက်၌ လေးခန်းတွဲအဖြစ်သီးသန့် ဆောက်လုပ်ထားသည်။

စက်ရုံမှ အိမ်သာသို့သွားရန်ကိုမူ ကော်ရစ်တာလေးတစ်ခုဖြင့် ဆက်သွယ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်သည်မှာ ထိုကော်ရစ်တာတစ်လျှောက်နှင့် အိမ်သာတန်းရှေ့၌ တပ်ဆင်ထွန်းညှိထားသော လျှပ်စစ်မီးသီးများဆီတွင် ဖြစ်သည်။

ထိုနေ့က …

မူမူဆိုသော စက်ရုံဝန်ထမ်းကောင်မလေးတစ်ယောက် အူယားဖားယားပြေးချလာရင်း အော်ဟစ်လာခဲ့သော အထိတ်တလန့်စကားများမှာ သူတို့စက်ရုံတစ်ခုလုံးအား စတင်အချက်ပေးလိုက်ခြင်းပင်ဖြစ်၏။

"အမယ်လေး၊ သရဲခြောက်တယ်တော့၊ သရဲခြောက်တယ်၊ ဒီစက်ရုံမှာ သရဲရှိတယ်တော့"

ထပ်တလဲလဲ အော်ဟစ်လာသော စကားသံကြောင့် စက်ရုံဝန်ထမ်းများအားလုံးနီးပါး လှမ်းကြည့်မိကြသည်။ ပြီးတော့ အလန့်တကြားဖြစ်သွားကြ၏။

အိမ်သာမှ ပြေးထွက်လာစဉ်ကထဲက အော်ဟစ်လာဟန်တူသော မူမူကတော့ ဆက်ကာအော်နေဆဲ။

အသံက တကယ့်ကို ခြောက်ခြောက်ခြားခြား။

ပြေးရင်းအော်လာသည်မို့ မောဟိုက်သံလည်း စွက်လာ၏။ တဖြည်းဖြည်း ဗလုံးဗထွေးဖြစ်လာသည်။



စက်ရုံဝန်ထမ်းများ သူမဆီထ မသွားနိုင်ခင်မှာပင် မူမူက စက်ရုံအတွင်းဘက် ဝန်ထမ်းများရှိရာဆီ ရောက်ချလာလေတော့၏။

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်လာရတာတုန်း"

ဆီးမေးကြသည်ကို မူမူမဖြေနိုင်။ အိမ်သာဘက်ဆီ လက်ညှိုးလှမ်းပြရင်း ခုနကစကားကိုပင် ဗလုံးဗထွေးထပ်တလဲလဲ ရွတ်နေလေတော့၏။

"သရဲခြောက်တယ်တော့၊ သရဲခြောက်တယ်၊ ကျွန်မကို သရဲခြောက်လိုက်တယ်တော့"

ပြောနေရင်းသားမှပင် ဝန်ထမ်းများအလယ်၌ မူမူ ခွေညွတ်လဲကျသွားသည်။ ထိုင်ကျနေရာမှလည်း ပါးစပ်ကတော့ အဆက်မပြတ် ဆက်အော်နေဆဲ။ တဖြည်းဖြည်းငိုသံတွေပင် ပါလာခဲ့၏။

အားလုံး မူမူအနားတွင် ဝိုင်းအုံသွားသည်။

"ဖြည်းဖြည်း … ဖြည်းဖြည်း စိတ်အေးအေးထားပြီး ဘာဖြစ်လာတာလဲဆိုတာ သေသေချာချာ ရှင်းပြစမ်းပါ။"

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မူမူကို ခေတ္တစောင့်ဆိုင်းနေကြရ၏။

မောတာရော၊ ပြင်းစွာတုန်လှုပ်သွားတာရော နှင့် မူမူမှာ အတန်ကြာတစ်ကိုယ်လုံး တုန်ခါနေပြီးမှ တစ်လုံးချင်းစကားကို အားယူပြောကြားရလေသည်။

"ကျွန်မ … ကျွန်မ … အိမ်သာတက်နေတာ အဲဒီမှာ အိမ်သာအပြင်က မီးသီးတွေက မှိတ်ချည်ဖွင့်ချည်ဖြစ်လာတယ်။ ပထမ သတိ မထားမိသေးဘူး။ နောက်မှ အိမ်သာသွားပြီးလို့ အပြင်ထွက်လာတော့မှ မီးပျက်တာလဲ မဟုတ်၊ ဘယ်သူမှလဲ လုပ်မယ့်သူမရှိဘဲ မီးသီးတွေ မှိတ်ချည်ဖွင့်ချည်ဖြစ်နေတာကို မြင်ရတာ"

"လျှပ်စစ်တစ်ခုခု ချွတ်ယွင်းတာဖြစ်မှာပေါ့ ဟယ်၊ ဝါယာရှော့ဖြစ်တာတို့ ဘာတို့နေမှာ ပေါ့"

အနီးရှိသူတစ်ယောက်က မူမူစိတ်သက်သာရာ ရစေရန် ဖော့ပြောပေးသည်။ မူမူက ခေါင်းယမ်း၏။



"အို ရှင်ဘာသိလို့လဲ မီးသီးတွေ မှိတ်ချည် ဖွင့်ချည်ဖြစ်နေတာက လက်မဲမဲကြီးတစ်ခုက လိုက်လုပ်နေတာတော့"

အားလုံးဆီမှ အာမေဋိတ်သံများ ပြိုင်တူထွက် လာကြလေသည်။

"ဟင်! လက်မဲမဲကြီးဟုတ်လား"

"ဟုတ်တယ်၊ မီးသီးအားလုံးက တစ်ပြိုင်ထဲ မှိတ်ချည်ဖွင့်ချည်ဖြစ်တာမျိုးမဟုတ်ဘူး။ တစ်လုံးက မှိတ်သွားလိုက် … ပြီးတော့ အဲဒီ တစ်လုံးက ပြန်လင်းလာပြီး သူ့ရှေ့က နောက် တစ်လုံးက မှိတ်သွားလိုက်နဲ့ ရှေ့ကို တဖြည်း ဖြည်းရွေ့လာတာ ကျွန်မရပ်နေမိတဲ့ နားက မီးသီးလဲမှိတ်သွားတဲ့ အခေါက်ကျတော့ ခုနပြောတဲ့ လက်မဲမဲကြီးကို ရိပ်ကနဲမြင်လိုက် တာနဲ့ အတင်းပြေးချလာတာ"

ကောင်မလေးတစ်ယောက်က အလန့်တကြား ရေရွတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဲ့ဒီလက်မဲမဲကြီးက မီးသီးတွေကို တစ်လုံးပြီးတစ်လုံး အုပ်အုပ်လာရင်းနဲ့ နှင့်ဆီ လိုက်လာတာပေါ့ မူမူ"

"ဟုတ်တယ်၊ ဒါကြောင့် ငါအမြန်ပြေးခဲ့တာ ပေါ့"

"မဖြစ်နိုင်တာကွာ၊ မူမူအမြင်မှားတာ ဖြစ်မှာ ပါ။ ဘယ်မှာလဲ သူပြောတဲ့ လက်မဲမဲကြီး၊ အပြင်မှာ ဘာမှမတွေ့ပါဘူး။"

အလုပ်ကြပ်က ဝန်ထမ်းတွေ ကြောက်လန့်ကုန် မည်စိုး၍ ဝင်ဟန့်သည်။

သူညွှန်ပြရာအတိုင်း အပြင်ရှိ မီးလုံးများ ထွန်း ထားရာဆီသို့ အားလုံးစိုက်ကြည့်မိကြသည်။

စက်ရုံမှ အိမ်သာဆီသို့ ဆက်သွယ်ထားသော စင်္ကြံလမ်းတစ်လျှောက်မှာ ရှင်းလင်းလျက်။

မသင်္ကာစရာတစ်ခုမှ မတွေ့သလို မီးသီးတစ် လုံးမှလည်း မှိတ်ချည် ဖွင့်ချည် မရှိပါ။

သို့သော် ...



အားလုံးအပြင်သို့ ငေးနေမိကြ၍ စက်ရုံးအတွင်း ထောင့်တစ်နေရာ၌ ထွန်းညှိ ထားသော မီးသီးတစ်လုံး ရုတ်တရက် မှိတ်သွားသည် ကိုတော့ ဘယ်သူမှ သတိမပြုလိုက်မိကြပါချေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခေါက် ကြုံတွေ့ရတာကတော့ စက်ရုံပိုင်ရှင် ဦးမောင်မောင်သန်း ကိုယ်တိုင်ဖြစ်လေသည်။

သူက …

ဝန်ထမ်းများအားလုံး ပြန်သွားပြီးအတော် နောက်ကျချိန်ထိ စက်ရုံတွင်ချန်ကာ တစ်ယောက်ထဲ အလုပ်လုပ်လေ့ရှိသည်။

သူ့ရုံးခန်းမှာ စက်ရုံအတွင်း ဘယ်ဘက်ထောင့်ဆုံး အပေါ်နေရာ၌ အထပ်ခိုးလေးသဖွယ်တည်ရှိသည်။ ထိုအခန်းလေးရှိရာသို့ ရောက်ရန် လှေကားအထစ်နှစ်ဆယ်ခန့်ကို တက်ရလေ၏။



တစ်ယောက်ထဲ အလုပ်လုပ်နေကျမို့လည်း အရာရာ စိတ်ချလက်ချရှိနေခဲ့၏။

ထို့ကြောင့်လည်း ပထမဦး ထူးခြားချက်ကို မမြင်သိခဲ့ခြင်းဖြစ်သည်။

အရင်ဆုံး …

တံခါးခေါက်သံတစ်ခုကို ဦးမောင်မောင်သန်း ကြားရလေသည်။

သူ့တပည့် တစ်ယောက်ယောက်ဟု ထင်လိုက်မိသည်။ ကိစ္စတစ်စုံတစ်ရာရှိ၍ မပြန်သေးဘဲ သူ့ကို စောင့်နေခြင်းလော။

သို့သော် ယုပ်လက်စစာရင်းတွေမှာ မပြတ်သေးသဖြင့် ထိုင်ရာမှမထမိ။

"အေး ဝင်ခဲ့လေ"

ဟုသာ လှမ်းအော်လိုက်မိသည်။

တံခါးခေါက်သံမှာ ပြန်လည်၍တိတ်ဆိတ်သွားသည်။ ထို့နောက် ဘာသံမှဆက်မကြားရတော့ …

အခန်းတံခါးကို ဖွင့်ဝင်လာခြင်းလည်းမရှိ။ လှေကားမှ ပြန်ဆင်းသွားသံကိုလည်း မကြားရ

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ထူးခြားသလိုတော့ ဦးမောင်မောင်သန်းထင် လိုက်မိသည်။ ခုနက တံခါးခေါက်သံ မကြားမီ လှေကားမှတက်လာသံ မကြားခဲ့ရသည်ကိုလည်း သတိ ပြုလိုက်မိ၏။

တကယ်ဆို သူ့အခန်းရှိရာသို့ တက်ရသည့် သစ်သားလှေကား၏ခြေနင်းပြားများက ဖိနင်းလိုက်တိုင်း တကျွီကျွီမြည်သွားတတ်သည် မဟုတ်ပါလား။

သို့သော် အလုပ်တွေက များလွန်း၍ အလုပ်ထဲ စိတ်ပြန်နစ်သွားပြန်သည်။

ထိုစဉ်မှာပင် နောက်ထပ်တံခါးခေါက်သံ ပေါ် လာပြန်လေ၏။

ဒီတစ်ခါတော့ တံခါးခေါက်သံက တော်တော် ပြင်းသည်။ ပြီးတော့ ငါးချက်ခန့် မရပ်မနားခေါက်ခြင်း ဖြစ်၏။

ဦးမောင်မောင်သန်း စိတ်နည်းနည်းတိုသွား မိသည်။

ဘယ်သူကများ ဒီလောက်အတင့်ရဲရဲလာလုပ် နေရပါသလဲ။



"ဟေ့ ဘယ်သူလဲ ... တံခါးက ချက်မချ ထားဘူးကွ၊ လက်ကိုင်ဘုကိုလှည့်ဖွင့်ပြီး ဝင် လာခဲ့၊ ဒီမှာ ငါအလုပ်များနေတယ်ကွာ"

ဒေါသစိတ်ပါနေသဖြင့် အော်ငေါက်၍ ပြော လိုက်မိသည်။

တံခါးခေါက်သံ ချက်ချင်းရပ်ပြီး ငြိမ်ကျသွား ၏။ ဦးမောင်မောင်သန်း စောင့်နေမိသော်လည်း ဘာ လှုပ်ရှားမှုမှ ထပ်ပေါ်မလာ။

နှဲနှဲကြာသည်အထိ ဘာမှထပ်ဖြစ်မလာတော့ ဦးမောင်မောင်သန်း သံသယဝင်လာမိ၏။

"ဟေ့၊ ဘယ်သူလဲကွ လာနောက်နေတာလား တောက်၊ ချီးထဲမှပဲ"

အော်ငေါက်ရင်း တံခါးကိုသွားဖွင့်ကြည့် သည်။ တံခါးအပြင်တွင် ဘယ်သူမှမရှိ။

လှေကားတလျှောက်မှာလည်း ရှင်းလို့ လင်း လို့...

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတွေ အားလုံးပြန်သွားကြပြီးသော် စက်ရုံကြီးတစ်ခုလုံးမှာလည်း ငြိမ်ချက်သားကောင်းလှ၏။

သူ့ရုံးခန်းက အပေါ်စီးမှာ ဖြစ်သည်။ လူတစ်ယောက်လာနောက်ပြီး ဆင်းပြေးသွားတယ်ထားဦး သူ့မြင်ကွင်းမှ မလွတ်နိုင်ရာ။ ပြီးတော့ ခုဟာက ခြေသံလည်း လုံးဝမကြားရ။

တွေးမရစွာဖြင့် ဦးမောင်မောင်သန်း အခန်းထဲပြန်ဝင်ရန် ပြင်စဥ်မှာပင် အဝေးစက်ရုံထောင့်အမှောင်ရိပ်၌ ဝင်ရောက်ပျောက်ကွယ်သွားသော မည်းမည်းသဏ္ဍာန်တစ်ခုကို ဖျတ်ကနဲ မြင်လိုက်မိလေသည်။

ချက်ချင်းပင် ယောက်ျားကြီးတန်မဲ့နှင့် သူ့ရင်ထဲ စိမ့်ကနဲဖြစ်ကာ ကြက်သီးဖျန်းဖျန်း ထသွားမိလေ၏။



ယင်း၏နောက်နေ့မှစကာ ...

အဖြစ်အပျက်တွေက တစ်စစ ပိုမိုပြင်းထန်၍လာခဲ့ချေ၏။

တစ်နေ့ချင်းအလိုက် ဦးမောင်မောင်သန်းတို့ စက်ရုံမန်နေဂျာက မှတ်တမ်းတင်၍ထားသည်။

အင်္ဂါနေ့။ နေ့လည် ၁၂ နာရီ ၃၀ မိနစ်။ ခေါက်ဆွဲခြောက်စက်မှ ပင်နယ်သံဘီးကြီးတစ်ခု ရုတ်တရက်ပြုတ်ထွက်ကာ ကလေးများ ငွေလိုမ့်သလို စက်ရုံပြင်ပသို့ လိမ့်ထွက်၍ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့။ နံနက် ၉ နာရီ ၄၅ မိနစ်။ အိမ်သာအသွားလမ်း ကော်ရစ်တာမှ မီးလုံး ၃ လုံး ရုတ်တရက် ပြိုင်တူကျကွဲသည်။

ကြာသပတေးနေ့။ ညနေ ၃ နာရီ။ ဦးမောင်မောင်သန်း၏ ရုံးခန်းထဲ၌ ဘယ်သူမှမရှိဘဲ စကားသံများ ကြားရသည်။ တံခါးဖွင့် ဝင်ကြည့်ကြသောအခါ စာရွက်စာတမ်းများ ပြန့်ကျဲနေ၏။

သောကြာနေ့ ။ နံနက် ၁၀ နာရီ ၁၀ မိနစ်။ စက်ရုံသုံး ရေချိုးခန်းမှ ရေကျသံကြားရသည်။ ရေချိုးခန်းထဲတွင် ဘယ်သူမှ မရှိ။ ရေတစ်စက်မှ စွတ်စိုနေခြင်းလည်း မတွေ့ရပါ။

သောကြာနေ့ ။ ညနေ ၄ နာရီ။ လေပြင်းတိုက်ခတ်ခြင်းမရှိပါဘဲနှင့် စက်ရုံမှ သွပ်မိုး ၁၀ချပ်ခန့် လန်ကာ



ကွာထွက်ကုန်သည်။ ယင်းသွပ်မိုးများမှာ သံဖြင့်ရိုက်ကာ အခိုင်အမာမိုးထားခြင်းဖြစ်၏။

စနေနေ့ ။ နံနက် ၈ နာရီ။ စက်ရုံဝန်ထမ်းများ ရောက်လာသောအခါ စက်ရုံ အတွင်း နေရာအနှံ့၌ သဲများ ရောက်ရှိနေသည်ကို တွေ့ကြရ ၏။ တံခါးတွေအားလုံး ကလည်း အလုံပိတ်ထား၏။ တကယ့်အခိုင်အခံ့ ဆောက်ထားသော စက်ရုံကြီးဖြစ်၍ ဝင်စရာ အကြားအလပ်မျှမရှိ။ သို့ပါလျက် ဒီသဲတွေ ဘယ်လိုလုပ်ရောက်လာသလဲ? ဘယ်သူမှ မဖြေဆိုနိုင်ကြပါ။

တနင်္ဂနွေနေ့ ။ နေ့လည် ၁ နာရီ ၃၀ မိနစ်။ ဦးမောင်မောင်သန်း ဦးဆော[illegible]

www.burmeseclassic.com

www.burmeseclassic.com



လှျပ်စစ်အင်ဂျင်နီယာတစ်ယောက်၊ မိတ်ဆွေရဲအရာရှိတစ်ယောက် နှင့် စက်ရုံဝန်ထမ်းယောက်ျား လေးသုံးယောက်တို့ စက်ရုံတစ်ဝိုက်လှည့်ပတ်စစ်ဆေးကြသည်။ မည်သည့် ထူးခြားချက်ကိုမျှ မမြင်တွေ့ကြရသလို ယခု ရက်ပိုင်းအတွင်း ထူးထူးခြားခြားဖြစ်ပျက်နေသည်များ၏ အကြောင်းရင်းခံတစ်စုံတစ်ရာကိုမျှလည်း မမြင်တွေ့ကြပါ။

တနင်္လာနေ့ ။

နေ့လည် ၂ နာရီ ၄၅ မိနစ်၊ ဝန်ထမ်းများအလုပ်လုပ်နေစဉ် စက်ရုံ ပြတင်းပေါက်မှန်ချပ်များ အားလုံးရုတ်တရက် ဖျန်းကနဲ၊ ဖျန်းကနဲ ကွဲထွက်ကြေမွကုန်ကြသည်။ ခဏအကြာတွင် ထို ပြတင်းမှန်များသာမက စက်ရုံ



တစ်ခုလုံးရှိ မှန်များအားလုံး ကွဲကြေကုန်ကျလေပြီ။ ဖန်ခွက်၊ ဆေးလိပ်ပြာခွက်တို့ပါ မကျန်ကြ၊ မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်း မရှိသော်လည်း အားလုံးအရမ်းထိတ်လန့်သွားကြလေ၏။

ထို့နေ့ နောက်ပိုင်းဖြစ်ရပ်များအား မှတ်တမ်းတားခြင်း မရှိတော့ပါ။ ထိုရက်တွေကထဲက ဝန်ထမ်းများတစ်ယောက်ပြီးတစ်ယောက် ဆိုသလို အလုပ်ထွက်ကုန်ကြသည်မှာ တနင်္လာနေ့က မှန်တွေအားလုံး ဖုန်းကနဲ ထ, ကွဲကုန်အပြီး၌ စက်ရုံမန်နေဂျာ အပါအဝင် ဝန်ထမ်းတစ်ယောက်မှမရှိတော့၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com






ဘိ ၌ ဣ ကို ဤ ပြောင်းလဲ၍
ရု ၌ ရ ကို လ၊ ဥ ကို ဦ ပြောင်း
ဝစ္စနှစ်လုံးထည့် ဘီလူးဖြစ်၏။

ပေါရာဏကထာငြိဘ၊

ဘီလူးဟူသော စကားသည်
ဘိရု ဟူသော ပါဠိစကားမှ
ဆင်းသက်လာခြင်းဖြစ်သည်။
"ကြောက်ရွံ့ဖွယ်ကောင်းသော သတ္တဝါ"
ဟု အဓိပ္ပါယ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်မြဖင်အဖို့ အိပ်ရာက နိုးနိုးချင်းမှာပင် အလွန်ဆိုးရွားသော ဝေဒနာကို ခံစားလိုက်ရလေသည်။ ထိုဝေဒနာကြောင့်လည်း အိပ်ရာမှ လန့်နိုးလာခြင်း ဖြစ်၏။

သူမ ရင်ဘတ်ပေါ်သို့ အလွန်ကြီးမားသော သတ္တဝါကြီးတစ်ကောင်က ခွထိုင်ထားသကဲ့သို့ ဖြစ်နေသည်။ နံရိုးများ ကျိုးကြေကုန်မတတ် နာကျင်လှ၏။

သူမ ရုန်းကန်လှုပ်ရှားသော်လည်း ဘယ်လိုမှ တွန်းလှန်မရ။

ပါးစပ်မှ အသံထွက်၍အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးဝူးဝါးဝါး အသံများသာ ရေနစ်သူတစ်ယောက်လို ထွက်ပေါ်လာလေ၏။

ဇောချွေးတွေ ပျံလာ၏။

ဒီဒုက္ခဆိုးကြီးသည် သူမအသက်ကိုပင် ဆုံးပါးသွားပေနိုင်သည်ဟု အာရုံ၌ ထင်မြင်လာမိသည်။

ကူကယ်ရာမဲ့စွာ ဖြစ်နေဆဲမှာပင် သူမ၏ ဝူးဝူးဝါးဝါးအသံများကို ကြားသောတူမလေးက အခန်းထဲသို့ ရုတ်တရက် ပြေးဝင်လာလေ၏။

"ဒေါ်ဒေါ် ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

ပြောပြောဆိုဆို အိပ်ခန်းမီးသီးအားလည်း ချောက်ကနဲ ဖွင့်လိုက်လေ၏။ အလင်းရောင်ပျပျသာရှိနေသော အခန်းမှာ ထိန်လင်းထွန်းပ၍ သွားသည်။

ဒေါ်မြဇင်၏ ဝေဒနာသည်လည်း အံ့ဩဖို့ကောင်းလောက်အောင်ပင် ချက်ချင်းပျောက်ကင်း၍ သွားလေ၏။

ထို့အဖြစ်ကြောင့်ပင် ...

နေ့လည်ခင်းကျတော့ အိမ်သားများက အတင်းတိုက်တွန်းသဖြင့် သူတို့အိမ်ဘေးတွင် အဖီလေးသဖွယ်




အခန်းပြုကာ လာငှားဖွင့်ထားသော ဆေးခန်းသို့ ဒေါ်မြဇင် သွားပြဖြစ်သည်။

ဆရာဝန်က မှတ်ချက်ချ၏။

"မစိုးရိမ်ပါနဲ့၊ နှလုံး ... ဒါမှမဟုတ် အဆုတ်က ရုတ်တရက် ချွတ်ယွင်းရင် ဒါမျိုးဖြစ်တတ်ပါတယ်"

တဲ့။ ဒေါ်မြဇင်ကတော့ ဘေးအိမ်မှ မိန်းမကြီးမှတ်ချက်ချလိုက်သောစကားကိုသာ သတိရနေမိသည်။

"ဒါဆို ရှင်ဘီလူး စီးခံနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြဇင်က မုဆိုးမတစ်ဦးဖြစ်သည်။

သူမအိမ်မှာ မိသားစုဆွေမျိုးတွေရှိသော်လည်း လင်ယောကျ်ားသေပြီးကထဲက တစ်ယောက်ထဲ အိပ်တာ အကျင့်ဖြစ်နေပြီ။

ထိုကိစ္စဖြစ်ပြီးသွားတော့မှ ယင်းအကျင့်မှာ ပြောင်းလဲသွားလေ၏။

သူမ၏ တူမလေးအား အတူခေါ်ယူအိပ်စက်ဖြစ်လေသည်။



ဒီတစ်ခေါက်မှာတော့ ဆရာဝန်က ဘယ်လိုမှ မှတ်ချက်မချနိုင်တော့ပါ။

အစက ဒေါ်မြဇင်ကိုယ်တိုင်ပင် ပင့်ကူရုပ်သည်ဟု ထင်နေမိသေးသည်။

သူမ၏ဘယ်ဘက်လက်မောင်းရင်းနားတွင် အနီရောင်အကွက်ကြီးနှစ်ကွက်ပေါ်နေခြင်းဖြစ်၏။

အသားပေါ်တွင် အကွင်းလိုက်ကြီးဖြစ်နေပြီး နီရဲယောင်ယမ်းကာ နာလည်းနာလှသည်။

တစ်ခုခုဆို ဆရာဝန်ဆီပြေးတတ်တာ အကျင့်ပါနေသည်မို့ ဒီတစ်ခါလည်း ဆရာဝန်ဆီ ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြန့်၏။ ဆေးခန်းကလည်း ကိုယ့်အိမ်ပရဝဏ်အတွင်းမှာပင် အနီးလေးရှိသည် မဟုတ်လား။

ဆရာဝန်က …

"အဆိပ်ရှိတဲ့ သတ္တဝါတစ်ကောင်ကောင်ကိုက်တာနဲ့တူတယ်"

ဟု ဆိုကာ ဆေးတစ်လုံးထိုးပေးရန်ပြင်လေ၏။

ထိုစဉ်မှာပင် သူမ ခြေသလုံးဆီ၌ စူးစူးရှားရှား နာကျင်သွားလေသည်။

နာကျင်မှုမှာ ပြင်းထန်လွန်းသဖြင့် ဒေါ်မြဇင်ပင် ယောင်ယမ်းကာ ထ,အော်လိုက်မိလေသည်။

"အမယ်လေး နာလိုက်တာ"

"ဘာဖြစ်တာလဲဟင်"

ဆရာဝန်က အံ့ဩတကြီးမေး၏။ ချက်ချင်းပင် ဒေါ်မြဇင်၏ ခြေသလုံးသားပေါ်၌ အနီရောင်အကွင်းကြီး တစ်ခုထသွားသည်။ အကြောင်းရင်းကို သူမ သိလိုက်ရပါလေ၏။

"ကျွန်မ .. ကျွန်မကို အကောင်တစ်ကောင် လိုက်ကိုက်နေတယ်"



ဆရာဝန်က ဟိုဟိုဒီဒီလျှောက်ကြည့်၏။ သူ ဘာကိုမှ ရှာမတွေ့။ ဒေါ်မြဇင်လည်း သူမ အား ကိုက်သည့်အရာကို မမြင်တွေ့ရပါ။

ထိုစဉ်မှာပင် …

ဒေါ်မြဇင်၏ ကျောဘက်၌ ဆစ်ကနဲ နာကျင်သွားပြန်လေ၏။ ဆေးခန်းခုတင်ပေါ်မှ သူမ ဝုန်းကနဲ ခုန်ထမိသည်။

မမြင်ရသော လေထဲမှ ဒ. ကောင်သည် တကယ်ပင် သိသိသာသာရန်ပြုနေလေပြီ။

ချက်ချင်းပင်ဆက်၍ ….

ပုခုံးများ၊ လည်ပင်းများ၊ ခါးအထက်ပိုင်းတို့၌ ဆက်ကာဆက်ကာ နာကျင်၍သွားသည်။

အနီရောင် အကွင်းအကွင်းကြီးများ ဆက်တိုက် ထလာကြ၏။

ဒေါ်မြဇင် သွေးရူးသွေးတမ်းဖြစ်သွားမိသည်။

"အမယ်လေး၊ လုပ်ကြပါဦး၊ နာလိုက်တာ တော်၊ ကယ်ကြပါဦးရှင်"

ခုတင်ပေါ်မှ သူမ ထပြေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က သူမစိတ်ဖောက်ပြန်သွားသည် ထင်သလားမသိ။ အတင်းလာရောက် ချုပ်ကိုင်၏။

သူကိုင်ထားစဉ်အတွင်းမှာပင် ဒေါ်မြဇင်၏ ခန္ဓာကိုယ်၌ နောက်ထပ်ဒဏ်ရာများ ပေါ်ပေါက်လာကြလေတော့သည်။

အတင်းပင် ဆရာဝန်လက်မှ ဒေါ်မြဇင် ရုန်းထွက်၏။ မမြင်ရသော သတ္တဝါက သူမအား အငြိုးတကြီးကိုက်နေဆဲ။

ဒေါ်မြဇင်မှာ ဆေးခန်းထဲမှ ထွက်ပြေးရလေတော့သည်။

ဿဿဿ



ဘီလူးကို မြန်မာ့ဝေါဟာရနယ်ပယ်၌
ရက္ခိုက်၊ ကုမ္ဘဏ်၊ ဥပါဒါနော၊ ဘုတ်၊
ပြေဘုတ်၊ ပြိတ္တာ စသည်ဖြင့်
အမျိုးမျိုးခေါ်ကြသည်။

ပါဠိ ကျမ်းဂန်တို့၌လည်း
ယက္ခ၊ ရက္ခသ၊ ကုမ္ဘဏ္ဍ၊ ဒေဝ၊ ဘူတ၊ ဒါနဝ၊
ပေတ၊ ပိသာစ၊ အမနုဿ စသည်ဖြင့်
များစွာတွေ့ရပါသည်။

ဦးအောင်ကြည် (ဓမ္မာစရိယ)
"ဘီလူး" ဆောင်းပါး
စစ်ပြန်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com





တကယ်တော့ ဦးထွန်းရွှေအဖို့ အိမ်တစ်လုံးအား ဝယ်ဖြစ်ခဲ့ခြင်းသည် ဘဝတစ်ခုအား ပြောင်းလဲခဲ့ခြင်းပင် ဖြစ်ပါသည်။

အစစအရာရာ အပြောင်းအလဲမရှိခဲ့သော သူ့ဘဝသည် မှန်တိုင်းထန်သော ပင်လယ်တစ်ခုအတွင်းသို့ ပစ်ချခံလိုက်ရသည့်ပမာဖြစ်ခဲ့ရ၏။

ဒီအိမ်ကို မဝယ်ခင်ကထဲက သူ့ကိုလူအတော်များများက ဝိုင်းတားခဲ့ကြသည်။

"ခင်ဗျားက ဒီအိမ်အကြောင်း ဘယ်လောက်သိလို့လဲဗျ၊ အင်မတန်သရဲခြောက်တဲ့အိမ်ကြီးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သရဲတွေ၊ တစ္ဆေတွေ အယုံအကြည် မရှိပါဘူးဗျာ"

"ဟာ၊ မယုံလို့မရဘူးဗျ၊ ဒီအိမ်မှာခြောက်တဲ့ သရဲက သိပ်ကြမ်းတာနော်၊ တကယ့် အစိမ်းသရဲဗျ"

"ဘယ်လို၊ အစိမ်းသရဲ ဟုတ်လား"

"ဟုတ်တယ်၊ အရင်က ဒီအိမ်မှာ လင်မယားနှစ်ယောက်နေခဲ့တာ၊ အဲ့ဒါယောကျ်ားက ဖောက်ပြန်တာနဲ့ မယားလုပ်သူက စိတ်ညစ်ပြီး ကိုယ့်ကိုယ်ကို ဓာတ်ဆီဆွတ်ထားတဲ့ စောင်နဲ့ပတ်ပြီး မီးရှို့သတ်သေတာ မကျွတ်ဘဲဖြစ်နေတာဗျ"

မည်သို့ဆိုစေ အလွန်သက်သာလှသော ဈေးနှုန်းက ဒီအိမ်အား မဝယ်ဖြစ်ဘဲမနေနိုင်အောင် ဆွဲဆောင်ထားခဲ့ပါ၏။

သို့သော် ...

စတင်ပြောင်းလာဖြစ်သောနေ့မှာပင် ဒီအိမ်က အစွမ်းပြပါလေတော့၏။



ဦးထွန်းရွှေက လူပျိုလူလွတ်ဖြစ်သည်။ ထို့ကြောင့် အိမ်ပြောင်းလာရာ၌ အိမ်သားများများမပါ။ သူ့တပည့်လေးနှစ်ယောက်သာပါ၏။

ထိုအထဲမှ တပည့်လေးတစ်ယောက်က စတင်တွေ့ကြုံရခြင်းဖြစ်လေသည်။

ဦးထွန်းရွှေနှင့် ကျန်တပည့်တစ်ယောက်တို့ အိမ်ရှေ့ခံ့တံခါး အနည်းငယ်ယိုင်ရွဲ့နေသည်ကို ပြုပြင်နေကြစဉ် အိမ်နောက်ဘေးဘက်၌ ထမင်းချက်နေသော တပည့်ဖြစ်သူက အမောတကော ပြေးထွက်လာလေ၏။

ဦးထွန်းရွှေအနားရှိနေသော တပည့်ကဆီး၍ မေးလိုက်သည်။

"ဟေ့ကောင်၊ ဘာဖြစ်လာတာလဲကွ"

"သရဲ၊ သရဲခြောက်လို့ကွ"

"ဟာ နေ့ခင်းကြောင်တောင်ကြီး ဘယ်ကလာ သရဲကရှိရမှာလဲ"

ပြောပြောဆိုဆို သူက ဦးထွန်းရွှေဆီ လှမ်းကြည့်သဖြင့် နှစ်ယောက်သား လှောင်သလိုလို ပြုံးပြုံးမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသော တပည့်မှာ ယင်းအပြုအမူကို ပင် သတိမထားမိနိုင်လောက်အောင် ထိတ်လန့်နေပုံ ရလေ၏။

"ငါ ... ငါ ... တကယ်ပြောတာကွ၊ ငါ ထမင်းချက်နေတုန်း နောက်ဘက်က ပန်းကန် စင်ကြီးက တဝုန်းဝုန်းနဲ့ ယမ်းခါလာတာ"

"ကြွက်တို့ ဘာတို့ တိုးလို့ ဖြစ်မှာပေါ့"

"ကြွက်တိုးတာ အဲ့ဒီလောက် လှုပ်မလား၊ ငါကတောင် ပန်းကန်တွေကျကွဲမှာစိုးလို့ ပန်းကန်စင်ကို သွားကိုင်ထိန်းမိသေးတယ်"

"အဲဒီတော့ လှုပ်တာရပ်သွားရော မဟုတ် လား"

"ဟင်အင်း၊ ငါထိန်းလို့မရဘူး၊ အဲ့ဒီပန်းကန် စင်ရဲ့ တုန်ခါမှုဟာ ငါ့လက်တွေကိုတောင် ကူးလာတယ်"

"မဖြစ်နိုင်တာကွာ၊ မင်းညက အသောက်လွန် သွားလို့ တုန်တုန်ယင်ယင် ဖြစ်နေတာနေမှာ ပေါ့"



"ငါအရက်မသောက်တော့တာ ကြာလှပြီပဲ ဒါ... တကယ်သရဲခြောက်တာကွ၊ ငါလဲ ပြေးလာရော ..."

"ဟော့ကောင် အဓိပ္ပါယ်မရှိတာတွေ လာရွှီး မနေစမ်းနဲ့ကွာ"

တစ်ယောက်က တကယ်ပင် ကြောက်ကြောက် လန့်လန့်နှင့် ပြောနေသော်လည်း နောက်တပည့် တစ် ယောက်က လုံးဝမယုံ။ ဒေါသပင် ဖြစ်လာဟန်ဖြင့် စကားကို အတင်းဝင်ဖြတ်ကာအော်၏။

ဦးထွန်းရွှေက နှစ်ယောက်စလုံးကို ဝင်ဟန့် ရသည်။

"ကဲ ... ကဲ၊ ငါတို့အနောက်ဘက်လိုက်သွား ပြီး ကြည့်ရအောင်ကွာ၊ လာ ... နှစ်ယောက် လုံးလိုက်ခဲ့ကြ"

ထို့နောက် ပြောပြောဆိုဆိုပင် ဦးထွန်းရွှေက ဦးဆောင်ပြီး အိမ်ထဲဝင်သွားသဖြင့် တပည့်နှစ်ယောက် လုံး နောက်မှ လိုက်လာခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ကြောက်နေပြီး၊ မယုံသည့် တပည့်ကတော့ မှုန်ကုတ်ကုတ်၊ မှုန်တေတေဖြစ်နေလေ၏။ ဦးထွန်းရွှေကိုယ်တိုင်လည်း ဟိုတစ်ယောက်အား ကြောက်တတ်လွန်းလှသည်ဟု အပြစ်တင်ချင်သလို ဖြစ်နေမိပါသည်။

သို့သော် အိမ်နောက်ဘေးဘက်သို့ရောက်သည်နှင့် သူတို့၏ မျက်နှာထားများ ရုတ်ချည်းပြောင်းလဲသွားရလေတော့သည်။

ပထမ ပါးစပ်အဟောင်းသား ဖြစ်မိကြသည်။

နောက် မျက်လုံးတွေပြူးလျက် အချင်းချင်း ကြည့်မိကြ၏။

အံ့အားသင့်ခြင်း၊ ထိတ်လန့်ခြင်းတို့သည် သူတို့အားလုံး၏ မျက်နှာထက်တွင် ထင်ဟပ်လျက်။

နောက်ဘေးမီးဖိုချောင်၌ တွေ့ရသည်မှာ ပန်းကန်ကွဲစများ၊ မီးဖိုဆောင်၏ ကြမ်းတစ်ပြင်လုံးအနှံ့ ခင်းဖြန့်ထားသလို ဖြစ်နေလေ၏။



နောက်တစ်နေ့မှာ ကြုံရတာကျတော့ တစ်မျိုးထူးဆန်းနေသည်။

ဦးထွန်းရွှေက သူ့အိမ်ခြံဝင်းထဲသို့ ကြည့်မိရင်း ထိုအရာကို မြင်လိုက်မိခြင်းဖြစ်၏။ ပထမတော့ ထူးခြားမှုကို သတိမပြုမိသေး။ ထို့ကြောင့်လည်း တပည့်တစ်ဦးအား စေခိုင်းလိုက်မိခဲ့လေ၏။

"ဟော့ကောင်၊ ခြံထဲမှာ အဝတ်လှန်းထားပါလား"

တပည့်က သူညွှန်ပြရာသို့ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာ၊ စောင်တစ်ထည်ပဲ … ကြည့်ရတာ ဟိုကောင် လှမ်းထားတာနဲ့ တူတယ်"

"သွားရုတ်လိုက်စမ်းကွာ၊ အဲဒီအဝတ်ကြိုးတန်းပါ တစ်ခါထဲဖြုတ်ခဲ့၊ ဘယ်နှယ့် အိမ်ရှေ့မျက်နှာစာကြီးမှာ အဝတ်လှမ်းရတယ်လို့ … ကြည့်လို့မြင်လို့ မကောင်းဘူး"

တပည့်ဖြစ်သူထွက်သွားသောအခါ ဦးထွန်းရွှေက အခန်းထဲဝင်ကာ အဝတ်အစားသွားလဲနေမိသည်။ သူဒီနေ့ အလုပ်ကိစ္စတစ်ခုရှိ၍ မိတ်ဆွေများနှင့် ချိန်းထား၏။

အဝတ်လဲပြီး ပြန်ထွက်လာသောအခါ သူခုနကခိုင်းလိုက်သော တပည့်ဖြစ်သူ အိမ်ထဲပြန်ဝင်လာသည်ကိုတွေ့၏။ ယင်း၏ မျက်နှာထားမှာ တစ်မျိုးဖြစ်နေလေသည်။

"ဟေ့ကောင်၊ ဟိုစောင်ကို ရုတ်ခဲ့ပြီလား"



တပည့်က သူ့ကို တစ်ချက် မျက်လုံးဝင့်ကာ ကြည့်၏။ တစ်စုံတစ်ရာကိုပြောသင့်မပြောသင့် ချိန်ဆနေပုံရသည်။ တခဏမျှ ဆိုင်းပြီးမှ မပွင့်တပွင့်လေသံဖြင့် …

"စောင်ကို မတွေ့ခဲ့ဘူးဆရာ"

"ဟင်!"

ချက်ချင်းပင် အိမ်ရှေ့ဘက်သို့ကြည့်မိ၏။ ခုနကစောင်လှမ်းထားသည်ကို တွေ့ရသောနေရာ၌ ရှင်းလင်း၍နေလေသည်။

"လေထဲလွင့်သွားတာများလား"

"အဝတ်ကြိုးတန်းကိုပါ မတွေ့တော့တာဆရာ"

"မင်း ငါပြောပြီးပြီးချင်းဆင်းသွားတာနော်"

"ဟုတ်တယ် … ဆရာ၊ အိမ်ပြင်ရောက်တာနဲ့ ကျွန်တော်တောင် ကြောင်တောင်တောင် ဖြစ်သွားမိတယ်၊ စောင်မပြောနဲ့ အဝတ်စလေး လက်တစ်ဝါးစာတောင်မတွေ့တာဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ဒီတပည့်က သတ္တိလည်းရှိသည်။ အနေလည်း မှန်သည်။ ဟိုတစ်နေ့ကတောင် ကြောက်တတ်သော တပည့်ကို ယင်းက ရန်လုပ်နေသေးသည်ပဲ။

ဒီဖြစ်ရပ်မှာ ယင်း၏ အများအယွင်းတစ်ခုမှ ပါစရာမရှိ။

ပြီးတော့ ဦးထွန်းရွှေ ကိုယ်တိုင်လည်း ခုနတင် စောင်ကို မျက်ဝါးထင်ထင် မြင်လိုက်ရသေးသည်ပဲ။

"ကြည့်ရတာ ငါတို့အမြင်မှားတာ ဖြစ်မှာ ပေါ့ကွာ"

ပြောသာပြောလိုက်ရသော်လည်း ဒီလောက် ပေါ်ပေါ်တင်တင်ကြီးတော့ အမြင်မှားစရာမရှိမှန်း စိတ်က သိနေ၏။

လေပြည်တွင် တလွင့်လွင့်လူပ်ခါနေသော အနီရောင်ခြုံစောင်ကြီးကို အာရုံမှာ ယခုပင်မြင်နေမိ သေးသည်။

ဿဿဿ



မိတ်ဆွေတွေနှင့် ချိန်းထားရာသို့ ဦးထွန်းရွှေ ရောက်သောအခါ သူ ဒီအိမ်ကို ဝယ်မည်ပြုစဉ်က ကန့် ကွက်ခဲ့သူများနှင့်လည်း ဆုံရ၏။

သူတို့ထဲမှ တစ်ယောက်ကို အသာလက်တို့ မေးကြည့်လိုက်မိသည်။

"ကျုပ် ခုဝယ်ထားတဲ့အိမ်အကြောင်း ခင်ဗျား အရင်ကပြောတာ တကယ်လားဗျ"

"ဘာကိုပြောတာလဲ"

"အဲဒီအိမ်မှာ မိန်းမတစ်ယောက် ကိုယ့်ကိုယ် ကို ဓာတ်ဆီဆွတ်ထားတဲ့စောင်နဲ့ပတ်ပြီး မီး

www.burmeseclassic.com

www.burmeseclassic.com



သတ်သေဘူးတယ်ဆိုတာ တကယ်လားဗျ''

''တကယ်ပေါ့ဗျ မဟုတ်ဘဲနဲ့ ကျုပ်ကပြော မလား''

''အဲဒီတုန်းက ခင်ဗျားတို့ သွားမကြည့်ဘူး လား''

''ဟာကြည့်တာပေါ့ဗျာ ... ဘယ်နေမလဲ၊ သတင်းကြားကြားချင်းကို ပြေးသွားကြည့်တာ ပေါ့''

''အဲဒီစောင်က ဘာရောင်လဲဗျ''

''ဘယ်သိမလဲဗျ၊ လူရောစောင်ပါ မီးလောင် သွားတဲ့ဥစ္စာ''

ထိုစဉ်မှာပင် သူတို့စကားပြောနေသည်ကို နား စွင့်နေဟန်တူသော မိတ်ဆွေတစ်ယောက်က မလှမ်း မကမ်းမှ လှမ်းဝင်ပြောလေ၏။

''စောင်က အနီရောင်ဗျ''

''ခင်ဗျားက ဘယ်လိုသိလဲ'



ဦးထွန်းရွှေနှင့် စကားပြောနေသူက လှည့်မေး သည်။ ထိုပြောသူက သူတို့အနီးလျှောက်လာရင်း ...

''ကိုယ်ကိုမီးစွဲစွဲချင်းတုန်းက ပူလို့နဲ့တူတယ် ဟိုဟိုဒီဒီ လျှောက်ပြေးမိရင်း စောင်စတစ်ပိုင်း ပြုတ်ကျန်ခဲ့တာ၊ ကျုပ်က အဲ့ဒီစောင်ပိုင်း လေးတွေ့ဖူး လိုက်တယ်ဗျ၊ အဲဒါလေးကြောင့် လဲ နောက်ပိုင်းမှာ ရဲတွေက ဒါဟာ ကိုယ်ကိုယ် စောင်ပတ်ပြီး မီးရှို့သတ်ခြင်း ဖြစ်ကြောင်း ကောက်ချက်ချနိုင်တာပေါ့''

ဿဏဿဏ

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် အနီရောင်ခြံစောင်ကြီးကို ဦးထွန်းရွှေ၏ အိမ်ခြံဝင်းအတွင်း၌ ဟိုနေရာ၊ ဒီနေရာ ဆိုသလို ဆက်လက်မြင်တွေ့နေရလေသည်။

အမြဲပင် ထင်ထင်ရှားရှား မြင်ရစမြဲ။

ရုတ်ဖို့ရန်သွားသည်နှင့် ကွယ်ပျောက်သွားတတ်စမြဲ။

တစ်ခါတလေ မှောင်ရီပျိုးချိန်တွေ၌ မြင်ရသည့်အခါ ထိုခြံစောင်ကို လေဝှေ့သဖြင့် တလှုပ်လှုပ် လွင့်ခါနေသည်မှာ နာနာဘာဝတစ်ကောင်လှုပ်ရှားနေသလိုပင် အသည်းအေးစရာကောင်းလှလေတော့သည်။

ဿဣဿ



ဦးထွန်းရွှေတို့ကို ဒီအိမ်မှအပြီးပြောင်းသွားဖြစ်စေခဲ့သည်မှာတော့ စတင်နေထိုင်ဖြစ်အပြီး ဆယ်ရက်မျှအကြာမှာ ဖြစ်သည်။

ဒီကြားထဲတွင် ခြံစောင်အနီကြီးလို စိတ်အနှောင့်အယှက်ဖြစ်စရာများကိုလည်း အတော်များများ ကြုံတွေ့ကြရသေး၏။

အိမ်နံရံတွင် သွေးလိုပျစ်ချွဲချွဲအရာများဖြင့် ပီပီသသ မရှိသော စာလုံးများကို ရေးသွားခဲ့တာမျိုးလည်း ကြုံရသည်။

ကြောက်တတ်သော တပည့်က ထိုစာလုံးတွေကို ကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... သွေးတွေနဲ့ရေးထားတာ ဆရာ"

ဟု တုန်တုန်ရီရီဆိုသည်။ ဦးထွန်းရွှေနှင့် ကျန် တပည့်တစ်ယောက်က ...

"သဘော်ဒဆေးနဲ့ရေးတာ ဖြစ်မှာပေါ့ကွာ၊ ကောင်လေးတွေလက်ဆော့သွားတာနေမှာပါ"

ဟု အတင်းဝိုင်းငြင်းကြ၏။

မပြောင်းဖြစ်ခင်တစ်ညမှာတော့

သူတို့ဘယ်လိုမှ ဖွတ်မိုတ်ငြင်းပယ်၍ မရနိုင် သည်နှင့် ကြုံကြရပါလေတော့သည်။

ဿဿဿ



အရင်ဆုံး ...

အိမ်မိုးပေါ်ခဲတွေကျသည်ကို ကြားကြရ၏။

အပြင်သို့ထွက်ကြည့်သည်။

ခဲတစ်လုံးမှမတွေ့။

ညဥ့်နက်လေလေ ခဲကျခြင်းက ပို၍စိပ်ကဲ လေလေပင် ဖြစ်၏။

မှောင်မှောင်မည်းမည်းကြီးမှာ ဘာခဲလုံးမျှ မတွေ့ရဘဲ ခဲကျသံတွေချည်း ဆူညံစွာ ကြားနေရခြင်း က ခြောက်ခြားစဖွယ် ကောင်းလှတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှကို အိပ်လို့လည်း မဖြစ်နိုင်တော့။

ဆရာတင့်ညည့်သုံးယောက်သား အိမ်လည်ခန်းတွင် ပုတ်တုတ်လေးတွေ စုထိုင်နေမိကြ၏။

အားလုံးရင်ထဲ၌ သွေးပျက်မတတ် ဖြစ်နေမိသည်။

ကြောက်တတ်သော တပည့်ကဆိုလျှင် တုန်တုန်ယင်ယင်ပင် ဖြစ်နေရှာလေ၏။

ခဲတွေကျနေခြင်းက အာရုဏ်ပျိုးလာချိန်မှပင် ရပ်တန့်သွားတော့၏။

ထိုသို့ မရပ်တန့်မီ (အာရုဏ်မလာခင်အချိန်လေးအတွင်း)မှာပင် အသံနက်ကြီးတစ်ခုကို သူတို့သုံးယောက်လုံး ပီပီပြင်ပြင်ကြားလိုက်ရလေ၏။

"ဒီအိမ်ပေါ်က ခုချက်ချင်းဆင်းသွားကြစမ်း"

ဿဿဿ



ဘုရားရှင်ထံမှ တရားနာအပြီး ပြန်လာသော
သုပ္ပဗုဒ္ဓကို ဇွေ့၍သတ်သည့် နွားမသည်
နွားစင်စစ်မဟုတ်၊
တစ်ချိန်က သုပ္ပဗုဒ္ဓနှင့် ရန်သူဖြစ်ဘူးသော
ဘီလူးမက နွားမယောင်ဆောင်ပြီး
ဇွေ့ခြင်းဖြစ်သည်။

မမ္မပဒ၊ အဋ္ဌကထာ
သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု

မဟာရာဇဝင်တော်ကြီး ပထမတွဲပါ
အနော်ရထာမင်းစော နတ်ရှာစံအောင်ခတ်ခဲ့သော
ကျွဲရိုင်းသည် ... ကျွဲစင်စစ်မဟုတ်။
အနော်ရထာမင်းစောအပေါ် အညှိုးတေးထားခဲ့သော
ထိန်ပင်စောင့်နတ်ဘီလူးသာဖြစ်သည်။
နတ်ဘီလူးက ကျွဲယောင်ဆောင်ပြီး
ခတ်ခြင်းဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်း
အတွဲ ၈။ စာမျက်နှာ - ၂၈၉

www.burmeseclassic.com

www.burmeseclassic.com





"အောင်ခိုင်ဟေ့" ဆိုလျှင် တရပ်လုံး၊ တနယ်လုံးက ကြောက်ကြသည်။ အမြဲ မူးရူးပြီး ဟိုလူနှင့်ရန်ဖြစ်၊ ဒီလူနှင့်ရန်ဖြစ်။

အရက်ကို ၂၄ နာရီအပြည့်နီးပါးသောက်သူ…

ဆိုးသွမ်းလွန်းပြီး ဘယ်သူမှ ဆိုဆုံးမမရသူ…

ဒီလူမှာကြုံရသည့်အဖြစ်များအား ဘယ်သူကမှ မယုံကြည်ကြ။ တစ်ချို့က ထူးခြားမှုကို သတိပြုမိကြသော်လည်း … ဒီကောင်ဆိုးမိုက်လွန်းလို့ တန်ခိုးရှင်တွေက ဒဏ်ခတ်တာနေမှာပေါ့ဟုသာ ကောက်ချက်ချကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူကြုံရသည်က တန်ခိုးရှင်တွေ ဒဏ်ခတ်ရုံမျှထက်ပိုပါသည်။

"ဟာ … လျှောင်လှုပ်တယ်"

ဟု အောင်နိုင် စတင်ပြောစဉ်၌ ကြားရသူတိုင်းက ရယ်ပင်ရယ်မိကြသေးသည်။

"ဒီကောင်တော်တော်မူးနေပြီနဲ့တူတယ်"

ဟု ထင်မိကြ၏။

သို့သော် သူ့အိမ်သူပြန်ရောက်တိုင်း၌ ထိုအတိုင်း အောင်နိုင်ပြောတတ်မြဲဖြစ်သည်။ ကြာတော့ လူတွေကပင် ဒါကို ရယ်စရာဟု မထင်မိတော့။

အောင်နိုင်မှာလည်း အခြေအနေ ဆိုးသထက်ပိုဆိုးလာခဲ့လေသည်။

အစပိုင်းက …

သူ့အိမ်ပေါ် သူတက်စတွင်သာ လျှောင်လှုပ်သလို ခံစားရသော်လည်း နောက်တဖြည်းဖြည်းဖြင့် …

အိမ်ပေါ်တွင် ရှိနေချိန်တိုင်းနီးပါးခံစားလာရသည်။



မတ်မတ်ရပ်တည်ခြင်းငှာပင် မစွမ်းနိုင်တော့…

တခြားသူတွေဖို့ ဘာမှမဖြစ်ပါဘဲလျက် သူတစ်ယောက်ထဲ ထိုသို့ခံစားနေရသည်ကတော့ အတော်ပင် တွေးရကြပ်သောကိစ္စဖြစ်ပါသည်။

တဖြည်းဖြည်း ဘေးလူတွေကပင် သူဖြစ်ပျက်နေပုံများအား ကြည့်လျက် …

အရက်မူးနေခြင်း (သို့မဟုတ်) တမင်လျှောက်ပြောနေခြင်း လုံးဝမဟုတ်မှန်း ရိပ်မိလာကြလေသည်။

သို့သော် အောင်နိုင်အတွက် အဖြစ်ဆိုးက ထိုမျှနှင့်မကသေးပါ။

သူ့ဘာကိုကိုင်လိုက် ကိုင်လိုက် ထိုအရာသည် မီးကျွမ်းသလို မည်းနက်သွားတတ်၏။

ထိုမှတဆင့်တက်၍ အိမ်ထဲရှိ သူအကြာကြီးရပ်မိ၊ ထိုင်မိ၊ အိပ်မိရာ နေရာတိုင်း၌ မီးစွဲလောင်လေသောအခါ …

အောင်နိုင်တစ်ယောက် နေအိမ်မှထွက်လာခဲ့ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏကသည် ...

.... ဝိဓုရ သုခမိန်ကို တောင်ထိပ်ပြင်၌ချထား၍ မိမိသည် ကြောက်မက်ဖွယ်သော ဘီးလူးအသွင် ဖန်ဆင်းပြီးသော် ဝိဓုရသုခမိန်ကို ပက်လက် လဲစေ၍ နှုတ်ဖြင့်ကိုက်လျက် အထက်စွယ် အောက်စွယ်တို့၏အကြား၌ ထားပြီးလျှင် ဝါး၍ စားမည်ကဲ့သို့ပြု၏။

... ခြင်္သေ့အသွင်ဖြင့်လည်းကောင်း၊ အမုန်ယစ်သော ဆင်၏အသွင်ဖြင့်လည်းကောင်း၊ သွားအစွယ်တို့ကို ဖွင့်လှစ်ကျင်းပလျက် ကိုက်မည်ကဲ့သို့ ထိုးမည် ကဲ့သို့ပြု၏။

... ထို့နောက် တစ်ယောက်စီးလောက်သော လောင်းယံပမာဏရှိသော ကြီးစွာသော မြွေ၏ အသွင်ဖြင့် ဖန်ဆင်း၍ ပြင်းစွာရှူလျက် အမှတ်မဲ့ သော အရပ်မှလာပြီးလျှင် ဘုရားလောင်းကိုယ်ကို ရစ်၍ ထိပ်ထက်၌ ပါးပျဉ်းဖြန့်မိုးလျက်နေ၏။



... ဘုရားလောင်းကို တောင်ထိပ်ပြင်၌ လဲစေ၍ မှန်မှန်ညက်ညက် ကြေစေအံ့ဟုကြံ၍ ပြင်းစွာသော လေကို လာစေ၏။

... အမုန်ယစ်သောဆင်သည် သင်ပေါင်းပင်ကို ဆွဲငင် တိုးဝှေ့သကဲ့သို့ ယူဇနာခြောက်ဆယ် မြင့်သော ကာဠာဂိရိတောင်ကို သိမ့်သိမ့်တုန်အောင် လှုပ်၍ ခြောက်၏။

... တောင်အတွင်းသို့ မိမိတန်ခိုးဖြင့် ဝင်ပြီးလျှင် ထိုတောင်၏အတွင်း မြေထဲက တစ်တောင်လုံး ကွဲအံ့သကဲ့သို့ ပဲ့တင်ထပ်မျှ သည်းစွာသော အသံဟစ်၏။

မင်းပူးဆရာတော် ဦးဩဘာသ
ဝိဓုရဇာတ်တော်ကြီး
သာဓုနရခန်း

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ရန်ကုန်မြို့စွန်တစ်နေရာရှိ အေးမြငြိမ်းချမ်းသော တရားစခန်းလေးတစ်ခုဆီတွင် ဖြစ်သည်။

ဒီနေရာလေးမှာ ဆိတ်ငြိမ်သည်နှင့်အမျှ လူသူအရောက်အပေါက်လဲ နည်း၏။ ထို့ကြောင့် တရားအားထုတ်ဖို့ အထူးသင့်လျော်ပါသည်။

ထိုတရားစခန်းလေးထဲ၌ လာရောက်တရားအားထုတ်သူများထဲတွင် အနည်းငယ်ထူးခြားနေသောသူနှစ်ယောက်လည်း ပါဝင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် လုံးဝသိကျွမ်းခြင်း မရှိကြသော ထိုလူနှစ်ယောက်တွင် တိုက်ဆိုင်စွာ တူညီနေသောအချက်များမှာ ယင်းတို့၏နေရပ်လိပ်စာကို ဖုံးကွယ်ထားတတ်ခြင်းနှင့် တစ်စုံတစ်ရာအား ပြင်းထန်စွာ ကြောက်ရွံ့နေပုံရခြင်းတို့ပင် ဖြစ်လေသည်။

တရားစခန်းလာကြသူတို့တွင် စိတ်ညစ်၍၊ ဝမ်းနည်းကြေကွဲ၍ လာကြသူများရှိသော်လည်း သူတို့လို တစ်စုံတစ်ခုအပေါ် ပြင်းထန်စွာ ကြောက်ရွံ့နေခြင်းမျိုးတော့ လုံးဝမရှိကြ။

ပြီးတော့ သူတို့ကဲ့သို့ မိမိနေရပ်လိပ်စာကို အသဲအသန်ဖုံးကွယ်ထားခြင်းမျိုးလည်း ဘယ်သူမှ မရှိကြပါချေ။

သူတို့နှစ်ယောက်လုံးက လျှို့လျှို့ဝှက်ဝှက်နေတတ်ကြတာချင်းလည်းတူ၏။ တရားစခန်းဝင်နေစဉ် တစ်လျှောက်လုံး၌ ဘယ်သူနှင့်မျှလည်း ခေါ်ခေါ်ပြောပြော မရှိလှ။



အကယ်၍ တစ်လကြာအပြီး တရားစခန်းထွက်သောနေ့၌ ကြုံရသောဖြစ်ရပ်တစ်ခုကြောင့်သာ မဟုတ်ခဲ့ပါက သူတို့နှစ်ယောက် ဘယ်လိုမှပင် သိကျွမ်းနိုင်လိမ့်မည် မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ …

တရားစခန်းမှ ထွက်လာအပြီး၌ လူအားလုံး ကိုယ့်လမ်းကိုယ်သွားကြဖို့သာ ဖြစ်ပါသည်။

သို့သော် သူတို့လူစုလေး တရားရိပ်သာအပြင်သို့ ရောက်စဉ်မှာပင် တစ်ဘက်မှလျှောက်လာသော ပရဆေးသည်တစ်ယောက်မှာ သူတို့တော်တော်များများအား ရှေ့ဆက်မသွားဖြစ်အောင် အာရုံကို ဆွဲဆောင်ထားခဲ့ပါ၏။

ထိုပရဆေးသည်မှာ တောဘက်တွေမှ တက်လာရောင်းသော အထမ်းသည်မျိုးဖြစ်သည်။ ဆေးဘက်



ဝင်သော သစ်ဥ၊ သစ်ဖုတွေကို ကိုယ်တိုင်ရှာဖွေ တူးဖော်ယူလာပြီး မြို့တက်ရောင်းတတ်သူမျိုး။

စပါးကြီးသည်းခြေလိုဟာမျိုးမှ တောင်နံကတိုးလိုမျိုးအထိ ပါသည်။ တရားစခန်းထွက်လာသူအုပ်စုထဲမှ တစ်ယောက်က စပ်စပ်စုစုဖြင့် …

"ဘာတွေလဲဗျ၊ ရောင်းဖို့လား"

ဟုမေးသည်မှ အစပြုကာ ပရဆေးသည်နားတွင် လူတွေအုံသွားလေတော့သည်။

ထိုပရဆေးသည်၏ အထမ်းထဲမှ သစ်သားချောင်းလေးလိုဟာမျိုးလေးတွေကို ကိုင်ကြည့်ရင်း လူတစ်ယောက်က မေးလိုက်၏။

"ဒါဘာလေးတွေလဲဗျ"

"အဲဒါ သစ်မင်းလေ"

"ဘာအတွက်သုံးတာလဲ"

"အိမ်တွေဘာတွေမှာ သစ်သားကြောင့်ဖြစ်တဲ့ အခြောက်အလှန့်တွေ အကုန်လုံးကို သစ်မင်းကနိုင်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!၊ သစ်သားကြောင့်ဖြစ်တဲ့အခြောက်အလှန်တွေဟုတ်လား"

"ဟုတ်တယ်၊ အိမ်ဆောက်တဲ့ 'သစ်'ဆိုတာက တောထဲတောင်ထဲကရတာမဟုတ်လား၊ ဘယ်နေရာက ယူလာမှန်း၊ တစ်ချိန်က အဲ့ဒီသစ်ပင်မှာဘာနေခဲ့မှန်း ကိုယ်ကမသိနိုင်ဘူးလေ၊ တစ္ဆေ၊ သရဲနေခဲ့တဲ့ သစ်ပင်ဖြစ်နိုင်သလို၊ ရုက္ခစိုးဘွေ၊ ဘီလူးတွေနေခဲ့တာလည်းဖြစ်နိုင်တာပဲ၊ သစ်မင်းနဲ့ဆို အဲဒီသစ်မှာပါတဲ့အစွဲ၊ အခြောက်လှန့်တွေ အကုန်ငြိမ်ဝပ်သွားရောဗျ"

ထိုစကားကြောင့်ပင် နဂိုကပရဆေးသည်ကိုသိပ် စိတ်မဝင်စားသော လူနှစ်ယောက်သည် ထိုအသည်နားသို့ ခပ်သွက်သွက်ကပ်လာကြလေ၏။ နှစ်ယောက်လုံး သိစိတ် ရုတ်တရက်လွတ်ကာ ပြိုင်တူရေရွတ်မိကြသည်။

"သစ်မင်းက အိမ်မှာဖြစ်တဲ့ အခြောက်အလှန့်တွေကို တကယ်နိုင်တာလား"



ထို့နောက် နှစ်ယောက်လုံးပင် တီးတိုးကိုယ့်ဖာသာ ပြန်ပြောမိကြ၏။

"အင်း ... ဒါပေမယ့် သိပ်ဆိုးရွားတဲ့ကိစ္စတွေကိုတော့ သစ်မင်းလဲ နိုင်မှာမဟုတ်ပါဘူးလေ"

ပြိုင်တူနီးပါးပြောမိကြခြင်းဖြစ်၍ တစ်ယောက်ကိုတစ်ယောက်လှမ်းကြည့်မိကြလေသည်။ ပြီးတော့ အချင်းချင်း စိတ်ဝင်စားသွားကြ၏။

တစ်ယောက်က အရင်စကားစသည်။

"ဒီကနောင်ကြီးရဲ့ အိမ်မှာ ကြောက်စရာ လန့်စရာတစ်ခုခုများ ဖြစ်ပျက်ခဲ့လို့လားဟင်"

"အင်း ... ဆိုပါတော့ဗျာ၊ ဒါပေမယ့် အိမ်မှာတော့ မဟုတ်ဘူးဗျ၊ ကျွန်တော်စက်ရုံမှာပါ"

"ဟုတ်လား၊ ကျွန်တော်ကျတော့ အိမ်မှာဖြစ်တာ ခင်ဗျ"

ထိုမှ စ,ကာတစ်ယောက်အကြောင်း တစ်ယောက်မေးရင်း မြန်းရင်း စကားတွေပြောမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီ၏ စိတ်ဝင်စားစရာဖြစ်ရပ်များကို အချင်းချင်း ဖွင့်ထုတ်ပြောကြားမိကြ၏။

စကားတွေပြောပြီးကြတော့ သူတို့နှစ်ယောက်မှာ ငယ်ပေါင်းကြီးဖော်များပမာ ခင်မင်သွားကြလေတော့သည်။

လိပ်စာတွေ အပြန်အလှန်လဲလှယ်၍ နာမည်တွေလဲ အပြန်အလှန်ပြောကြ၏။

“ကျုပ်နာမည်က ဦးမောင်မောင်သန်းပါ၊ လှိုင်သာယာမှာ ခေါက်ဆွဲခြောက် ထုတ်လုပ်ရေးလုပ်ငန်း လုပ်တယ်။ ‘သန်း’ ခေါက်ဆွဲခြောက်စက်ရုံဆိုတာပေါ့”

“ကျွန်တော့်နာမည်ကတော့ ကိုထွန်းရွှေတဲ့ အရင်ကတော့ တောင်ဥက္ကလာမှာပေါ့ ခုတော့ ပြောင်းလိုက်ပါပြီလေ”



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ဘုရားစခန်းမှ အထွက်တွင် မိတ်ဆွေဖြစ်သွားပြီးကထဲက အမြဲတစ်တွဲတွဲရှိနေတတ်ကြလေ၏။

ဘဝတူချင်းမို့လည်း ပိုမို၍ပေါင်းဖက်မိခြင်းဖြစ်သည်။

ပြီးတော့ နှစ်ယောက်လုံး ကိုယ့်အိမ်တွေမှာကိုယ် မနေရဲကြတာချင်းလဲတူ၏။ ဒါကြောင့်မို့ပင် တရားစခန်းဝင်ဖြစ်ကြတာ မဟုတ်လား။

တည်းခိုခန်းလိုဟာမျိုး၊ ဘုန်းကြီးကျောင်းလိုမျိုးတွေမှာပင် နေဖြစ်ကြသည်။ အလုပ်တွေပင်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဖြစ်ကြတော့ပဲ လေလွင့်နေသည့်ပမာ ဖြစ်နေကြလေ၏။

ထို့နေ့ကတော့ …

စိတ်ပြေလက်ပျောက်သဘော လေညှင်းခံရန် အင်းလျားဘက်သို့ နှစ်ယောက်သားအတူထွက်လာခဲ့ကြခြင်းပင်။

စာကလေးဗေဒင်သည်ကို သူတို့ကန်ပေါင်ပေါ်မှ ပြန်အဆင်းတွင် မြင်တွေ့ခဲ့ခြင်းဖြစ်၏။

ဦးထွန်းရွှေက စကားစသည်။

"အစ်ကို၊ ကျွန်တော်တို့ စာကလေးဗေဒင် မေးကြရင် မကောင်းဘူးလား"

"ဘာလုပ်ဖို့လဲကွာ ကလေးကလား"

"အတော်မှန်တယ်လို့ပြောကြတယ် အစ်ကိုရဲ့"

ဦးမောင်မောင်သန်းက အင်တင်တင်ဖြစ်နေသေးသည်။ ဦးထွန်းရွှေက . . .



"လာပါအစ်ကိုရဲ့ ကျွန်တော်တို့လဲ ခုတလော စိတ်ညစ်စရာတွေကြုံနေတော့ သွားမေးကြည့်ရအောင်၊ စိတ်ပြေလက်ပျောက်သဘောပေါ့"

ဟု ထပ်ပြောမှ ဆုတ်ဆုတ်ဆိုင်းဆိုင်းဖြင့် လိုက်ပါလာလေ၏။

သူတို့ရှေ့တွင် စုံတွဲတစ်တွဲက မေးနေသဖြင့် ခဏစောင့်နေရသေးသည်။

ထိုစုံတွဲမေးပြီး ထွက်သွားတော့မှ ဗေဒင်သည်က သူတို့ကိုမော့ကြည့်လာ၏။

"ဗေဒင်မေးမလို့လားရှင်"

"ဟုတ်ပါတယ်"

"ဘယ်သူအရင်မေးမှာလဲ"

ဦးထွန်းရွှေက ဦးမောင်မောင်သန်းကို လှမ်းကြည့်၏။ ဦးမောင်မောင်သန်းက မျက်ခုံးပင့်ရင်းပြောသည်။

"လုပ်ပါမင်းပဲ အရင်မေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ယောက်သား စာကလေး လှောင်အိမ်လေးရှေ့တွင် ဆောင့်ကြောင့်ထိုင်လိုက်ကြလေ၏။

ထိုမတိုင်ခင်အချိန်က သူတို့မှာ မတ်တပ်ရပ်လျက်သားရှိနေသဖြင့်လည်းကောင်း၊ ဗေဒင်သည်နှင့်သာ စကားပြောဖြစ်နေသဖြင့်လည်းကောင်း စာကလေးကို သေသေချာချာ မကြည့်မိကြ။

နှစ်ယောက်သား ဆောင့်ကြောင့်ထိုင်ချ၍ စာကလေးလှောင်အိမ်နှင့် မျက်စိတစ်တန်းထဲ ဖြစ်သွားမှပင် အထဲမှ စာကလေး၏ထူးဆန်းသော အဖြစ်ကို မြင်မိရလေတော့သည်။

ဆောက်တည်ရာမရသည့်ပမာပင် စာကလေးသည် လှောင်အိမ်ထဲ၌ လူးလာဆန်ခတ်ပျံသန်းနေလေတော့သည်။ တစ်စုံတစ်ခုကို ကြောက်လန့်နေသည့်အလား…။ တဖျပ်ဖျပ် တလူးလူးဖြစ်နေလေတော့၏။

ဦးမောင်မောင်သန်းက မေးကြည့်သည်။

"ဘာဖြစ်တာလဲဗျ …ခင်ဗျားစာကလေးက"



ဗေဒင်သည်မှာ လှောင်အိမ်ဆီငုံကိုင်းကာ စပါးစေ့လေးများချကျွေးလျက် စာကလေးကို ချော့မြူသည့်သဖွယ်ပြုနေရင်းမှ …

"ဘာမှ မဟုတ်ပါဘူး၊ ဒီလိုပဲ တစ်ခုခု အခန့်မသင့်လို့နေမှာပါ၊ ကဲကဲ မေးမယ့် အစ်ကိုက ဒီကဒ်ပြားလေးတွေယူထား … ရော့"

ဦးထွန်းရွှေ လက်ထဲသို့ စက္ကူကဒ်ပြားလေးတစ်ထပ်လာထည့်ပေးသည်။ ဗေဒင်သည်ကသာ ဘာမှမဟုတ်ဘူးဆိုသော်လည်း စာကလေးကတော့ တကယ်ပင် ပြင်းထန်းစွာ ဂနာမငြိမ်ဖြစ်နေလေ၏။

စိတ်ထဲ စနိုးစနောင့်ဖြစ်ပင် ဦးထွန်းရွှေက ကဒ်ပြားလေးတွေကို ဆုပ်ကိုင်ထားရသည်။ ဗေဒင်သည်က ဆက်ပြော၏။

"ကဲ … ကဲ … ကိုယ့်ရဲ့ကံကြမ္မာကို အတိအကျ ဆုံးဖြတ်ပေးပါလို့ အာရုံပြုထားနော်"

ထို့နောက် ပါးစပ်မှ ပွစိပွစိဖြင့် တစ်ခုခု ရွတ်ဖတ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စာကလေးကတော့ ဖျပ်ဖျပ်လူးနေဆဲ

ထို့နောက် ဦးထွန်းရွှေလက်ထဲမှ ကဒ်ပြားလေးတွေကို ဗေဒင်သည်က လှမ်းယူကာ စာကလေးရှေ့သို့ ချပေးလိုက်လေတော့သည်။

စာကလေးမှာ အလွန်အမင်း ထိတ်လန့်စရာကို တွေ့သည့်ပမာ ထိုကဒ်ပြားထပ်နှင့် ဝေးရာ လှောင်အိမ်တစ်ဘက်စွန်းသို့ ပျံသန်းသွားလေ၏။

ဗေဒင်သည်က ...

"ဟော့ဒီ ... မေးမြန်းသူရဲ့ကံကြမ္မာနဲ့ သက်ဆိုင်တဲ့ ကဒ်ပြားကိုရွေးပေးပါ"

ဟု တတွတ်တွတ်ရွတ်ရင်း စာကလေး ရှောင်တိမ်းရာသို့ ကဒ်ပြားထပ်ကို တိုးပေးလေ၏။ စာကလေးက တစ်ခြားတစ်ဘက်သို့ ထပ်ရှောင်သွားပြန်၏။

သို့သော် လှောင်အိမ်လေးထဲ၌ ရှောင်တိမ်းနေရခြင်းဖြစ်ရာ သူ့ခမျာ ကြာကြာတော့ မရှောင်တိမ်းနိုင်ရှာပါ။



စာကလေးက ရှောင်လိုက် ဗေဒင်သည်က ကဒ်ပြားထပ်ကို အတင်းထိုးပေးလိုက်နှင့်

တစ်ကြိမ်တွင်တော့ ...

စာကလေးမှာ (ခုနက ဦးထွန်းရွှေ ဆုပ်ကိုင်ထားခဲ့သော)ကဒ်ပြားထပ်နှင့် တည့်တည့်တိုးမိလေတော့သည်။

ထိုသို့ ထိလိုက်မိချင်းမှာပင် အလွန်အံ့ဩဖွယ်ကိစ္စရပ်များ ဖြစ်ပွားလာလေတော့၏။

တွန်းကန်တတ်သော လျှပ်စစ်စက်ကွင်း တစ်ခုနှင့် ထိလိုက်မိသည့်ပမာပင် . . .

စာကလေးသည်

ဝုန်းကနဲ နောက်လှန်ပစ်ကျကာ လွင့်စင်သွားလေတော့၏။

အားလုံး မျက်လုံးပြူးသွားကြသည်။

"ဘာဖြစ်တာလဲ"

ဟု ဦးထွန်းရွှေရော၊ ဦးမောင်မောင်သန်းကပါ ပြိုင်တူမေးမိသော်လည်း ဗေဒင်သည်က မပြောနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့ယ်တိုင်လည်း အဖြေမသိနိုင်ခဲ့သည် ဖြစ်၏။

စာကလေးမှာ လှောင်အိမ်ကြမ်းပြင်ပေါ်တွင် အစန့်သား ငြိမ့်သက်နေခဲ့ပြီဖြစ်သည်။

မျက်လုံးများ ပြူးထွက်ကာ
ပက်လက်လဲကျလျက်
အသက်လုံးဝကင်းမဲ့နေချေပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဦးထွန်းရွှေနှင့် ဦးမောင်မောင်သန်းတို့အတွက် နောက်ထပ် ဗေဒင်မမေးရဲတော့လောက်အောင်ပင် ဖြစ်သွားစေခဲ့သော ဖြစ်ရပ်ကိုမူ နောက်ထပ် နှစ်ပတ်မျှအကြာ၌ ဆက်လက်ကြုံခဲ့ရခြင်းဖြစ်ပါသည်။

ဒီတစ်ကြိမ်မှာတော့ သူတို့နှစ်ယောက် လူသားဗေဒင်ဆရာဆီ သွားဖြစ်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ သွားရောက်မေးမြန်းဖြစ်ရန်လည်း ဦးထွန်းရွှေကပင် စတင်တိုက်တွန်းခဲ့ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဗေဒင်ဟောတာလည်း သိပ်မှန်တယ်၊ ယတြာအစီအရင်တွေလည်း သိပ်စွမ်းတယ်တဲ့၊ ကျွန်တော်တို့ ကြုံနေရတာတွေအတွက် သူ ဖြေရှင်းကောင်း ဖြေရှင်းပေးနိုင်လိမ့်မယ်နဲ့ တူတယ်"

ဟု ပြောလာသည့်အခါ ဦးမောင်မောင်သန်း ကပင် စိတ်ပါလက်ပါ ဖြစ်သွားခဲ့သည်။

"ဟုတ်လား၊ မင်းသေချာစုံစမ်းပြီးပြီလား"

"ဟုတ်ကဲ့ ... သူက ရိုးရိုးဗေဒင်ဆရာမျိုး မဟုတ်ဘူးဗျ၊ အတော်ကျင့်ကြံအားထုတ်ထားတာလို့ သိရတယ်။ ဟောတာလဲ တွက်ပြီး ဟောတာမဟုတ်ဘူး၊ အကြားအမြင်နဲ့ ဟောတာတဲ့၊ မြန်မာတစ်နိုင်ငံလုံးမှာမှ သူ့လိုလူမျိုး က ၄ ယောက်ပဲရှိတယ်လို့ ပြောတယ်။ မုံရွာ နားက ရေဦးမှာ တစ်ယောက်၊ ကြို့ပင်ကောက် မှာတစ်ယောက်၊ သူရယ်၊ နောက်တစ်ယောက် ကတော့ အခု သိပ်မဟောတော့ဘူးတဲ့"



"အဲ့ဒီလိုဆို မင်းသွားချင်လဲသွားကြည့်ကြမယ် လေကွာ၊ ဘာပဲဖြစ်ဖြစ် ရေနှစ်သူအဖို့ ကောက် ရိုးတစ်မျှင်တောင် အား ကိုးကြသေးတာပဲ၊ တို့ လည်း လက်လှမ်းမီရာကလေးတွေ လုပ်ကြည့် ကြတာပေါ့ကွာ"

ထိုသို့ဖြင့်ပင် သာကေတရှိ

**'ဆရာစောရန်နောင်-အကြားအမြင်မာတ်နန်း'**

ဟု အမည်ရသောနေရာတစ်ခုဆီ သူတို့သွား ရောက်ဖြစ်ခဲ့ကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရောက်သွားတော့ ခါတ်ခန်းတွင် လူတွေ တော်တော်များများ သူတို့ရှေ့က ကြိုရောက်နေကြသည်ကိုတွေ့၏။

"ဟာ … ဒီလိုကြားရက်ကြီးတောင် လာမေးတဲ့သူ အတော်များသားပဲကွ"

ဟုဆိုကာ ဦးမောင်မောင်သန်းပင် အထင်ကြီးသွားလေသည်။

အနည်းဆုံး လူ ၂၀ခန့်ရှိပေမည်။ တော်တော်စောင့်ရဦးမည်မှန်း သိသဖြင့် ဗေဒင်ခန်းခပ်လှမ်းလှမ်းရှိ သစ်ပင်အရိပ်တစ်ခုဆီတွင် စကားတပြောပြောနှင့် ရပ်စောင့်နေကြလေ၏။



မေးပြီးသူတွေက တဖွဲဖွဲပြန်ထွက်သွားကြသည်။

နောက်ထပ် လူတော်တော်များများလဲ ထပ်ရောက်လာကြလေ၏။

ဗေဒင်ခန်းအတွင်းဘက် လိုက်ကာတွေကာထားသည့်အထဲတွင် ဗေဒင်ဆရာက ဟောပေးနေခြင်းဖြစ်သဖြင့် ဆရာ၏အသွင်အပြင်ကိုတော့ မမြင်ကြရ။

ဟောပြီး ပြန်ထွက်လာသူတွေ၏ ကျေနပ်နှစ်သက်နေသော ပုံပန်းများကို ကြည့်ရသည်ကပင် သူတို့အဖို့ သဘောကျစရာကောင်းလှပေပြီ။

ဒီကိုလာမိတာ မှန်တယ်ဟု သူတို့နှစ်ယောက်လုံး တွေးမိကြသည်။ စီစဉ်ထားပုံကလည်း စနစ်တကျရှိ၏။

တစ်ဦးက လိုက်ကာ၏အနောက်၌ ဗေဒင်မေးနေစဉ် သူ့နောက်မှ အလှည့်ကျမည့် သူကသာ ဗေဒင်ခန်းအတွင်းဝင်၍ လိုက်ကာအပြင်ဘက်၌ ချထားသော ထိုင်ခုံများတွင် ဝင်စောင့်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်သူများကတော့ စာရင်းပေးထားပြီး ဗေဒင်ခန်းအပြင်သင့်လျှော်ရာ အရပ်များတွင်သာ နေကြရသည်ပေါ့။

ဗေဒင်ဆရာ၏ လက်ထောက်တပည့်ကလေးဖြစ်ဟန်တူသူတစ်ဦးက ယင်းလူဝင်လူထွက်ကိစ္စများကို စီမံပေးလေသည်။

အချိန်အနည်းငယ်ကြာအောင် စောင့်ပြီးတော့မှ ထိုကောင်လေးက သူတို့ကို လှမ်းခေါ်၏။

"ဒါပြီးရင် အစ်ကိုတို့အလှည့်ပဲ အထဲမှာ လာထိုင်စောင့်ပါ"

စောင့်ရတာနည်းနည်းငြီးစီစီဖြစ်လာပြီမို့ သူတို့ဝမ်းမြောက်သွားကြလေသည်။ သွက်လက်စွာဖြင့်ပင် ဗေဒင်ခန်းထဲဝင်လာကြ၏။

အသင့်တွေ့ရသော ခုံများတွင် ဝင်ထိုင်ကြသည်။

လိုက်ကာ အတွင်းဘက်တွင်တော့ မိန်းမတစ်ယောက်က ဗေဒင်မေးနေလေသည်။



ဆရာဖြစ်သူ၏ ဖြေးဖြေးမှန်မှန် ဟောပေးနေသောအသံများကိုပင် သူတို့ကြားမိကြ၏။ နံ့နံ့စူးစမ်းချင်သော ဦးထွန်းရွှေက လေ့လာသည့်သဘောဖြင့် နားစိုက်ထောင်၏။

သို့သော် ...

သူတို့ ထိုနေရာတွင် ဖင်ပူအောင်မျှ မထိုင်ရခင် ...

ဗေဒင်ဆရာအသံကို လုံးစေ့ပတ်စေ့ မကြားရခင်မှာပင် ...

မျှော်လင့်မထားသော ကိစ္စတစ်ရပ်သည် ဆိုးရွားစွာ ဖြစ်ပေါ်၍ လာခဲ့လေ၏။

အရင်ဆုံး ...

ဗေဒင်ဆရာ ထအော်လိုက်သည်မှ စသည်။

"ဟာ ဘယ်လိုဖြစ်တာလဲ ဘာသံတွေလဲ၊ ဆူလိုက်တာ"

လိုက်ကာနောက်ကွယ်မှ ပိုးတဝါးမြင်ရသော ဗေဒင်ဆရာ၏ အရိပ်သဏ္ဍာန်မှာ အလွန်အမင်း တ

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပုံရသည်။ အတော်ပင် မခံမရပ်နိုင်စရာ ကိစ္စ တစ်ရပ်ကို တွေ့ကြုံရသူပမာ ဝုန်းကနဲထရပ်လေ၏။

"ဆရာ ... ဆရာ ... ဘာဖြစ်လို့လဲဟင်"

အခန်းဝမှ လက်ထောက်ကောင်လေးက ပြေးလာသည်။ လိုက်ကာစကို သူလှန်လျှောကာ ဝင်သွားချိန်၌ ဗေဒင်ဆရာ၏ ဆန်းပြားသော ဖြစ်ပျက်နေပုံ အလုံးစုံကို ဦးထွန်းရွှေတို့ မြင်လိုက်ရလေ၏။

လက်နှစ်ဖက်က နားများကို တင်းတင်းပိတ်ထား၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ယိမ်းယိုင်လျက် ပါးစပ်ကလဲ ...

"နားဆူလိုက်တာ ... တော်ပါတော့၊ ဘယ်လိုအသံတွေလဲ ... တော်ကြပါတော့"

ဟု အဆက်မပြတ် အော်နေလေ၏။ ချွေးတွေ တစ်ကိုယ်လုံးရွှဲနစ်နေသော သူ့အသွင်မှာ ထူးဆန်းလွန်းလှချေသည်။

ဦးထွန်းရွှေနှင့် ဦးမောင်မောင်သန်းတို့သာမက လက်ထောက်ကောင်လေးရော၊ အခန်းထဲရှိနေသည့်



ဗေဒင်မေးနေသူပါ လုံးဝ နားမလည်နိုင်အောင်ရှိကြသည်။

သည်မျှ တိတ်ဆိတ်နေသောနေရာတွင် ဘာလို့များ ဗေဒင်ဆရာတစ်ယောက်ထဲမှာ နားမခံနိုင်လောက်အောင် ဆူညံနေရပါသနည်း။

အခြေအနေက ကြာလေလေပိုဆိုးလာလေပင်ဖြစ်၏။

ရှန်းကန်လှုပ်ရှားရင်းနှင့် ရှေ့ရှိ စားပွဲတွေဘာတွေကိုပါ ဝင်တိုက်မိပြီး လဲပြိုကျကုန်သည်။ နောက်ဘက် စင်မြင့်ပေါ်မှ ရုပ်တုတွေ၊ အဆောင်၊ ယတြာတွေမှာလဲ ဝရုန်းသုန်းကားဖြင့် ပြုတ်ကျကြ၊ လွင့်ထွက်ကြနှင့်။

ဗေဒင်လာမေးနေသည့် မိန်းမမှာ လန့်ပြီး ထွက်ပြေးသွားသည်။

လက်ထောက်ကောင်လေးက ဗေဒင်ဆရာကို ဝင်ရောက် ချုပ်ထိန်းထားရ၏။ သို့သော် ဟိုက အတင်းလှုပ်ရှားနေသဖြင့် နိုင်နိုင်နင်းနင်း ချုပ်ကိုင်နိုင်ဟန် မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"နားဆူလိုက်တာ"

ဆိုသောစကားကိုလည်း အဆက်မပြတ် အော်နေဆဲ။ ကြာတော့ အသံတွေပင်ပြာပြီး ဗလုံးဗထွေး ဖြစ်လာလေ၏။

ဦးထွန်းရွှေနှင့် ဦးမောင်မောင်သန်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

ဖွင့်မပြောသော်လည်း စာကလေးဗေဒင် မေးစဉ်တုန်းက အဖြစ်ကို နှစ်ယောက်လုံးသတိရလိုက်မိကြ၏။

ဒီလိုနေရာမျိုးကို သူတို့နှစ်ယောက်ရောက်သွားသည်နှင့် အခြေအနေတွေ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တတ်ကြတာက အဖြစ်ချင်းတူနေသည် မဟုတ်လား။

ယခုလဲ ... သေချာပါသည်။ ဒီအဖြစ်မှာ သူတို့နှင့် ကျိန်းသေပတ်သက်နေရပေမည်။

ဝရန်းသုန်းကားအဖြစ်တို့က ကြာလေပို၍ ဆိုးလာလေ။



ဗေဒင်ခန်းအပေါက်ဝမှ လူတွေကလဲ အတွင်းသို့ ပြူတစ်ပြူတစ် ချောင်းကြည့်ရင်း အံ့သြနေကြလေ၏။

ဦးထွန်းရွှေနှင့် ဦးမောင်မောင်သန်းအဖို့ ဒီအခြေအနေကို ထိန်းသိမ်းနိုင်မည့် အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခုအား ချလိုက်မိသည်။

စိတ်မသက်မသာဖြင့် သူတို့ထိုနေရာမှ အလျှင်အမြန် ထွက်ခွာလာခဲ့ရခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

သူတို့နှစ်ယောက်အတွက် ခိုကိုးရာမှာ ဘုရားသာလျှင် ရှိတော့သည်။

ဘုရားသို့မူ နှစ်ယောက်လုံး နေ့စဉ်လိုလို ရောက်ဖြစ်ကြ၏။ ရောက်တိုင်းလဲ တစ်နေကုန်နီးပါး ကြာအောင် အချိန်တွေဖြုန်းပြီးမှ ပြန်တတ်ကြ၏။

ထူးခြားတာတစ်ခုတော့ရှိသည်။ ဘာကြောင့်ရယ်မသိ၊ ဘုရားရောက်တိုင်းလိုလို ဘီလူးရုပ်တုကြီးတွေရှေ့ သွားမိကြခြင်းပင်ဖြစ်၏။ ကိစ္စမယ်မယ်ရရ မရှိဘဲ ရောက်ရောက်သွားတတ်ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ်မှာ ဟိုဟိုဒီဒီ လျှောက်လိုက်သည်နှင့် ခြေလှမ်းတွေက ဘီလူးရုပ်တုကြီးတွေရှိရာသို့ သယ်ဆောင်သွားတတ်မြဲ။

ထိုသို့ရောက်သွားခဲ့ခြင်းကပင် သူတို့အား လူတစ်ယောက်နှင့် တွေ့ဆုံစေခဲ့ခြင်းဖြစ်၏။

ထိုသူကို အဝေးကမြင်ကထဲက ဦးထွန်းရွှေရော ဦးမောင်မောင်သန်းပါ စိတ်ဝင်စားသွားမိသည်။

ဘီလူးရုပ်တုကြီးတွေ ရှေ့တွင် သူရပ်နေသည်။

ပြီးတော့ ရုပ်တုကြီးအား မျက်နှာမော့ ငေးမောနေပုံက သာမန်မဟုတ်သော အခြေအနေတစ်ရပ်ကို ဖော်ပြနေလေ၏။

ဦးမောင်မောင်သန်းက ဦးထွန်းရွှေကို ပြောလိုက်သည်။

'ဟော့ ... ဘီလူးရုပ်တုကြီးတွေရှေ့မှာ မိန်းမတစ်ယောက်ပါလား''

''ဟုတ်ပါရဲ့၊ ခါတိုင်း ဒီရုပ်တုကြီးတွေကို ကျွန်တော်တို့ကလွဲလို့ စိတ်ဝင်စားတဲ့သူ တစ်ယောက်မှ မရှိပါဘူး''



''ပြီးတော့ မိန်းမတစ်ယောက်ဖြစ်ရက်နဲ့ ဘီလူးရုပ်ကြီးတွေကို စိတ်ဝင်စားနေတာ ဆန်းတယ်ကွ''

သူတို့ အနားရောက်သွားသည်အထိ ထိုမိန်းမက ဘီလူးရုပ်ကြီးတွေကို မော့ငေးနေဆဲ။ အနားကို လူရောက်လာတာတောင်မှ သိပုံမပေါ်ပါ။

ဦးထွန်းရွှေက ချောင်းဟန့်သံပြုလိုက်၏။

ထိုမိန်းမ လှည့်လာသောအခါ ဦးမောင်မောင်သန်းက ပြုံးရင်းစကားစသည်။

''စိတ်မရှိနဲ့နော်၊ အစ်ကိုတစ်ခုလောက်မေးချင်လို့ ...အင်း... ဒီဘီလူးရုပ်ကြီးတွေကို ခုလို စိတ်ဝင်တစား ကြည့်နေရတာ အကြောင်းတစ်ခုခု များရှိလား''

''ဆိုပါတော့ ... ဘာလို့မေးတာလဲဟင်''

''ဩော် ... ထူးဆန်းလို့ပါ။ ခါတိုင်းအစ်ကိုတို့ ဒီကိုအမြဲရောက်တိုင်းမှာ ဒီဘီလူးရုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေကို စိတ်ဝင်တစားကြည့်တဲ့သူ တစ်ယောက်မှ မရှိလို့"

"ဒီကို အမြဲလာတယ်ဟုတ်လား၊ ဒီဘီလူးရုပ်ကြီးတွေ ရှေ့ကိုလား"

"ဟုတ်တယ်"

"ဘာလို့ လာတာလဲဟင်"

ဦးထွန်းရွှေက ပြုံးမိသည်။ သိချင်လို့မေးကာမှ ပြန်စပ်စုသူနှင့် တိုးနေရပါလေပြီ။ ဦးမောင်မောင်သန်းကတော့ အေးအေးညင်သာပင် ရှင်းပြ၏။

"အတိကျဆုံးဖြေရရင်တော့ လာချင်လို့လို့ပြောရမှာပဲ။ ဘုရားရောက်တိုင်း ဒီဘီလူးရုပ်ကြီးကို လာမကြည့်ဘဲမနေနိုင်အောင် စိတ်ကဖြစ်မိတယ်"

"ဟယ် ... ကျွန်မရောပဲ ... အဲဒီလိုဖြစ်နေတာ။ ဒါနဲ့ ဒီ့မတိုင်ခင်က ရှင်တို့အိမ်တွေမှာ ထူးထူးခြားခြားကြုံရတာမျိုးရှိသလားဟင်"

BURMESE CLASSIC .com



ဒီတစ်ခါတော့ တစ်လျှောက်လုံး ဘေးမှ နားထောင်နေသော ဦးထွန်းရွှေက လွတ်ကနဲ ဝင်ပြောလိုက်လေသည်။

"ကြုံသမှ သိပ်ကြုံပေါ့ဗျာ။ ဒါကြောင့်လဲ ကျုပ်တို့တွေ ကိုယ့်အိမ်မှာကိုယ် မနေနိုင်အောင် ဖြစ်နေတော့တာပေါ့"

"ဟယ် ကျွန်မလဲ ဒီလိုပဲ ကိုယ့်အိမ်မှာ ကိုယ် နေလို့မရဘူးရှင့်"

ထိုမှစတင်ကာ တစ်ယောက်ကိုတစ်ယောက် မိမိတို့အိမ်တွင်ဖြစ်သော ထူးထူးခြားခြားဖြစ်ရပ်များအကြောင်း ပြောပြဖြစ်ကြ၏။

ဖြစ်ပျက်ပုံက ခြားနားနေသော်လည်း သူတို့ဖြစ်ရပ်များထဲ၌ တူညီနေသောအရာတစ်ခုရှိသည်။

ကြောက်စရာကောင်းလွန်းခြင်းနှင့် ဆန်းပြားအသိခက်စွာ ကြုံရခြင်းတို့ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဝပေးတွေချင်း တူညီကြသလိုဖြစ်နေသည်မို့ ကိုယ့်အကြောင်းတွေကိုယ်ပြောအပြီးမှာပင် အချင်းချင်း အတော်ရင်းနှီးသွားကြ၏။

"တစ်နည်းအားဖြင့်တော့ ခုလို ဘဝတူချင်း လာတွေ့ရတာကိုပဲ အဆိုးထဲကအကောင်းလို့ မှတ်ရမှာပဲလေ။ ခုဆို ညီမလဲ အစ်ကိုတို့နဲ့ တစ်ဖွဲ့ထဲဖြစ်သွားပြီပေါ့"

"ဟုတ်ပါပြီရှင်၊ ဒါနဲ့ နာမည်တွေတောင် မသိကြရသေးဘူးနော်"

"ဩော် ... ဟုတ်ပါရဲ့ အစ်ကို့နာမည်က ဦးမောင်မောင်သန်းတဲ့ ဒီတစ်ယောက်က ဦးထွန်းရွှေ"

"ကျွန်မကတော့ ဒေါ်မြဇင်လို့ခေါ်ပါတယ်။ ရင်းရင်းနှီးနှီး 'မြ' လို့ပဲခေါ်ပေါ့"

ဿဿဿဿ



www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

BURMESE CLASSIC .com

တကယ်တမ်း ...

ဒေါ်မြဇင်မှာ ညဦးအစောပိုင်း၌ ငြိမ်းချမ်းစွာ အိပ်ရာဝင်ခဲ့ခြင်းဖြစ်ပါသည်။

သို့သော် ... အိပ်ရာပေါ် လဲလျောင်း၍မှ မကြာခင် သူမနှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့၏။

ထိုသို့ အိပ်မောကျသွား၍မှ မကြာခင်မှာပင် အလွန်ထူးခြားသောအဖြစ်အပျက်တို့ကို သူမကြုံတွေ့ရ ပါလေတော့သည်။

ဆသဆသဆ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ အိပ်ပျော်နေခဲ့သော ဒေါ်မြဇင်၏ ခန္ဓာကိုယ်အတွင်းမှ နောက်ထပ် ခန္ဓာကိုယ်တစ်ခုသည် ရုတ်တရက် သိမ့်ကနဲဖြစ်ကာ လေပေါ်မြောက်တက်လာလေ၏။

အရှိန်းတုန်လှုပ်ကာ သူမလန့်နိုးသွားသည်။

သူမကိုယ်သူမ ကြည့်တော့ အိပ်ရာ ခုတင်အထက် ငါးပေမျှမြင့်သော လေထဲတွင် လွင့်ဝဲရောက်ရှိနေလေပြီ။

အောက်ကို ငုံ့ကြည့်တော့ အိပ်ရာပေါ် နှစ်ခြိုက်စွာ အိပ်မောကျနေခဲ့သော သူမ၏ နောက်ထပ် ခန္ဓာကိုယ်တစ်ခု။



လေထဲရောက်နေသော ခန္ဓာကိုယ်နှင့် အိပ်ရာပေါ်ရှိ ခန္ဓာကိုယ်တို့ကို ချက်နားဆီမှ ထွက်ပေါ်နေသော ငွေရောင်ကြိုးတန်းတစ်ခုဖြင့် ဆက်သွယ်ထားလေ၏။

'ဝိညာဉ်လွင့်ခြင်း' ဆိုသည်မှာ ဒါပဲဖြစ်မည်ဟု ဒေါ်မြဇင်တွေးလိုက်မိသည်။

ယခု လေထဲမြောက်တက်နေသည်မှာ သူမ၏ဝိညာဉ်ဖြစ်လိမ့်မည်။ သို့သော် ထိုသို့ ထူးထူးခြားခြား သူမဝိညာဉ် လွင့်ထွက်ရသော ရည်ရွယ်ချက်က ဘာကြောင့်ပါနည်း?

တွေး၍မှ မဆုံးခင်မှာပင် ဒေါ်မြဇင်၏ဝိညာဉ်သည် အိပ်ရာအထက် လေထုအတွင်း ရပ်တည်နေရာမှ စတင်လွင့်မျော၍ လာလေ၏။

အိမ်အပြင်ဘက်သို့ ရောက်ရှိသွားသည်။

အစက ဖြည်းဖြည်း။ ထို့နောက် တစစ မြန်၍မြန်၍ လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်မှ ဆက်သွယ်ထားသော ငွေကြိုးတန်းမှာလဲ ဝိညာဉ်လွင့်မျောနှုန်းအလိုက် အလျှင်အမြန် ရှည်ထွက်၍ လာလေသည်။

ခန္ဓာကိုယ်အစစ်ဖြင့်ဆိုလျှင် ဆယ်မိနစ်မျှ သွားရသော လမ်းထိပ်ဘက်သို့ တမုဟုတ်ချင်း ရောက်ရှိ၍ သွားသည်။

လမ်းထိပ်ဘက်နားတွင် ဒေါ်မြဇင်နှင့် ရင်းနှီးနေသော အသိအိမ်တစ်အိမ်ရှိ၏။

ထိုအိမ်ဘက်သို့ အမှတ်မထင် ငေးမောမိစဉ်မှာပင် အိမ်ရှေ့ဘက်၌ ရပ်နေသော လူတစ်ယောက်ကို သူမ သတိထားမိသွားခဲ့လေသည်။

ထိုသူမှာ အိမ်ရှိရာဘက် မျက်နှာပြုရပ်နေခြင်းဖြစ်၍ သူမဘက်သို့ ကျောခိုင်းရက်သားရှိနေလေ၏။

ဒီလောက် ညကြီးမင်းကြီး ဒီလူဘာလုပ်နေတာပါလိမ့်?

ရပ်နေတာကလည်း ပြောင်ပြောင်တင်းတင်းကြီးဖြစ်၍ သူခိုးတွေ ဘာတွေတော့ မဟုတ်တန်ရာ။



သို့ပေမယ့် အိမ်ထဲလည်း တိတိပပ မဝင်ဘဲ အိမ်အဝန်းအဝိုင်းအပြင် စည်းရိုးစပ်မှာ ရပ်နေတာဆိုတော့ အသိရခက်နေလေ၏။

ထိုစဉ်မှာပင်

ထိုသူသည်

ဒေါ်မြဇင်၏ ရင်ထဲကအတွေးကို သိသည့်ပမာ နောက်သို့ ဆတ်ကနဲလှည့်ကာ

သူမအား ပြုံးပြလေသည်။

"ဟင်!"

ချက်ချင်း ဒေါ်မြဇင်၏ ရင်ထဲထိတ်ကနဲ ဖြစ်၍ သွား၏။

ထိုသူမှာ ...

မကြာသေးခင် လပိုင်းကမှ ကွယ်လွန်ခဲ့ပြီးသော ထိုအိမ်သားတစ်ယောက်ဖြစ်၏။

သူက သူ့အိမ်သူ ပြန်လာချင်လို့များ အိမ်ရှေ့မှာ ရပ်နေတာလား? ဒါမှမဟုတ် သူမပဲ အမြင်မှားတာများလား?

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ အရမ်းလန့်သွားသောကြောင့် ထိုနေရာသို့ ဒေါ်မြဇင် နောက်တစ်ခါ ပြန်၍ မကြည့်ဝံ့။

ထိုနေရာမှလည်း သူမ အလျင်အမြန် လွင့်မျောလာလေ၏။

လမ်းတစ်နေရာတွင် ညောင်ပင်ကြီးတစ်ပင်ကို တွေ့သည်။

ခါတိုင်းတွေ့နေကျ ညောင်ပင်ကြီးမျိုးဖြစ်သော်လည်း ခါတိုင်းနှင့်မတူသည်က ထိုညောင်ပင်ပေါ်တွင် လူများပြည့်ကြပ်စွာရှိနေကြခြင်းပင်။ ကိုင်းဖျားကိုင်းနားလေးပါ မကျန် ညောင်ပင်၏နေရာအနှံ့၌ လူတွေရှိနေကြ၏။

အသက်အရွယ်ကလည်း အစုံ။

ကလေးအရွယ်တွေလည်း ပါ၏။ သက်ကြီးရွယ်အိုတွေလည်း ရှိသည်။ သာမန်လူလတ်ပိုင်းတွေကတော့ အများဆုံးပင်။

ဒေါ်မြဇင်မှာ အံ့သြလွန်းသဖြင့် ထိုနေရာ၌ အတန်ကြာ ငေးကြည့်နေမိလေသည်။



သူမ ထိုသို့ ရပ်တန့်နေသည်ကိုမြင်တော့ ညောင်ပင်ပေါ်မှ လူတွေက သူတို့နေရာကို သူမ လာနေချင်သည်ထင်၍လား မသိ။ အတင်းဝိုင်းဝန်းမောင်းထုတ်ကြလေ၏။

သူမ ဆက်လက် လွင့်မျောသွားပြန်သည်။

ထန်းတစ်ဖျားမျှအမြင့်တွင် လေဟုန်စီးသလိုဝဲလွင့်နေရခြင်းဖြစ်၍ ခံစားမှုက တစ်မျိုးဆန်းကြယ်နေလေသည်။

လမ်းတစ်လျှောက် မြင်ကွင်းတွေကလည်း အံ့သြစရာတွေချည်း။

သစ်ပင်တွေမှာ လူတွေရှိတာကိုတော့ သိပ်မထူးဆန်းမိတော့။

လမ်းတွေ့သမျှ သစ်ပင်တိုင်းလိုလိုမှာ ပြွတ်သိပ်နေအောင် လူတွေရှိမြဲဖြစ်၏။

တစ်ချို့သူတွေကျတော့လည်း လမ်းတွေပေါ်မှာ လျှောက်သွားနေကြသည်။ အစာရှာနေကြခြင်း ဖြစ်လိမ့်မည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ပုံလေးတစ်ပုံ၊ အိမ်တစ်အိမ်အိမ်မှ စွန့်ပစ်ထားသော စားကြွင်းစားကျန်လေးတစ်ခုကိုပင် ဝိုင်းဝန်း လုယက်နေပုံက ထိတ်လန့်စရာကောင်းသလို အော်ဂလီဆန်ချင်စရာလည်း ကောင်းလှချေ၏။

လမ်းတလျှောက် မြင်ကွင်းများကို အာရုံဝင်စားနေမိသဖြင့် သူမကိုယ်သူမ ဘယ်အထိ ခရီးပေါက်လာခဲ့မှန်း မသိလိုက်။

ရုတ်တရက် ရပ်တန့်သွားသည်ကို သတိပြုမိလိုက်တော့မှ သူမမှာ စမ်းချောင်းလေးတစ်ခု နံဘေးသို့ ရောက်ရှိနေခဲ့လေပြီ။

ဘယ်ဆီကလာပြီး ဘယ်ဆီစီးဆင်းသွားသည့် စမ်းချောင်းလေးမှန်းမသိရ။ ရေများစီးဆင်းရာဆီ လိုက်ကြည့်တော့ စမ်းချောင်းလေးမှာ တဖြည်းဖြည်း ကောက်ကွေ့သွားသည်ကို မြင်ရ၏။

မြင်ကွင်းအဆုံး မြူတွေပိန်းပိတ်နေသောနေရာအထိ သူမငေးကြည့်နေမိသည်။ စမ်းချောင်း ရေတွေမှာ မြူတွေကြားသို့ပဲ စီးဆင်းသွားကြသလိုလို။



ရေကလေးက ကြည်လင်စွာ စီးလှဲ့နေ၏။

ညင်သာစွာ ရေလှုပ်ခတ် စီးဆင်းနေပုံက သူမအား ညှို့ငင်ဖိတ်ခေါ်နေသကဲ့သို့ ရှိသည်။

စမ်းချောင်းလေးတလျှောက်အား နှစ်ခြိုက်စွာ ငေးမောနေမိစဉ်မှာပင် ...

အဝေးတစ်နေရာမှ ညည်းသံကြီးတစ်ခုကို ရုတ်တရက် ကြားလိုက်ရလေတော့သည်။

ညည်းသံကြီးက စမ်းချောင်းရေတွေနဲ့ပဲ မျောပါလာသလို ထင်ရ၏။

အဝေးမှ ကြားရခြင်းဖြစ်သော်လည်း ရင်ထဲ၌ လာမြည်သလိုလဲ ခံစားရ၏။

"အီး ဟီး ဟီး ဟီး"

ဟု သံရှည်ဆွဲ ညည်းညူပုံမှာ ဝမ်းထဲက ကလီစာများအားလုံး ပြောင်းဆန်ကုန်သလို ထင်ရလေသည်။

သွေးပျက်လုခမန်း ထိတ်လန့်တုန်လှုပ်သွားပြီး ဒေါ်မြစင်မှာ ပုန်းခိုရာကို ရှာမိ၏။

www.burmeseclassic.com


www.burmeseclassic.com



ညည်းသံကြီးမှာ ဆက်လက်ပေါ်ထွက်နေဆဲ။

ထိုနေရာမှ ထွက်ပြေးရန် အားထုတ်လိုက်စဉ်မှာပင် ချက်ရှိငွေကြိုးမှာ ဆောင့်ဆွဲလိုက်သလို ဖြစ်ပြီး အလွန်ပြင်းထန်သော အရှိန်အဟုန်ဖြင့် နောက်ကြောင်းပြန်လွင့်ပြေးသွားလေ၏။

ထို့နောက် ခဏအတွင်းမှာပင် ချွေးတွေ တစ်ကိုယ်လုံး ရွှဲနစ်လျက် သူမအိပ်ရာမှ လန့်နိုးလာလေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

အကယ်၍ ဦးမောင်မောင်သန်း၏ စိတ်သဘော အတိုင်းသာဆိုပါက ဗိုလ်ချုပ်ဈေးသို့ သူတို့လာဖြစ်လိမ့် မည် မဟုတ်ပါ။

သူတို့အဖွဲ့တွင် ဒေါ်မြဖင်ပါလာပြီးကထဲက သူတို့ ဟိုသွားဒီသွားတွေ အတော်များလာခဲ့၏။ အများ ဆုံးသွားဖြစ်သည်ကလဲ ဈေးတို့၊ ပန်းခြံတို့လို အမျိုး သမီးတွေ သွားချင်တတ်သော နေရာမျိုးတွေ ...။

ထိုအခါမျိုးတိုင်း၌ ဦးမောင်မောင်သန်းက ကန့်ကွက်နေကျ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခက်နေသည်က ဦးထွန်းရွှေမှာ ဒေါ်မြဇင်သဘောအတိုင်း အမြဲပါတတ်သည်ကြောင့် ဖြစ်၏။

ခေါ်တာတောင်မှ အမြတ်ကတတ်စရာ…။ 'မြ' တဲ့။

ဘာလုပ်လုပ် အမြဲ 'မြ သဘော' ဆိုသည် ချည်းပင်။ သုံးယောက်မှာ နှစ်ယောက်က ထိုသို့ သိပ် စည်းလုံးနေတော့ ဦးမောင်မောင်သန်း၏ ဆန္ဒများ အရာ မရောက်ဖြစ်နေရသည်ပေါ့။

ယခုလည်း …

သူ မသွားချင်ပါဘဲလျက်က ဟိုနှစ်ယောက် ကြောင့် …

ဗိုလ်ချုပ်ဈေးသို့ ကန့်လန့်ကန့်လန့်ပါလာခဲ့ရ ခြင်းဖြစ်လေသည်။

၉၉၉



တစ်ဈေးလုံး အားရအောင် ပတ်လို့ပြီးမှ ဒေါ်မြဇင်နှင့် ဦးထွန်းရွှေက ပြန်ကြဖို့ ပြင်သည်။ သူတို့ မှာ တကယ်ဝယ်သည်က နည်းနည်း၊ လျှောက်ပတ် နေသည်က များများဖြစ်၏။

စိတ်မပါ လက်မပါ နောက်ကတကောက် ကောက် လိုက်နေရသော ဦးမောင်မောင်သန်းအဖို့ ကတော့ ခြေထောက်တွေ ညောင်းလှပေပြီ။

ဈေးအရှေ့ဘက်တန်းတစ်လျှောက် ပြန်ထွက် လာကြရင်း နောက်ဆို သူတို့ ဘယ်သွားသွား ငါ မလိုက် တော့ဘူးဟု ဦးမောင်မောင်သန်း တွေးတောနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပြခန်းနား ရောက်လာခဲ့သည်။

ထိုစဉ်မှာပင် ...

ရှေ့ကသွားနေသော ဦးထွန်းရွှေနှင့် ဒေါ်မြဇင်သည်လည်းကောင်း၊ နောက် မလှမ်းမကမ်းက လိုက်နေခဲ့သော ဦးမောင်မောင်သန်းသည် လည်းကောင်း၊ လျှောက်လက်စ ခြေလှမ်းများအား အကြောင်းမယ်မယ်ရရ မရှိဘဲ ပြိုင်တူပင် ရပ်တန့်မိကြလေတော့သည်။

ဝဲဘက်ရှိ ပန်းချီပြခန်းအတွင်းသို့ သုံးယောက်လုံး အကြည့်ရောက်သွားကြသည်။

သူတို့အကြည့်များ စုဆုံမိရာ၌ ပန်းချီကားတစ်ချပ်။

တမင်ပင် သူတို့သွားမည့် လမ်းနံဘေးမှာ လာထားသလားထင်ရ၏။

ပန်းချီကားကလည်း ထူးခြားလှသည်။

ကြုံ့ဝါးနေသော ဘီလူးတစ်ကောင်၏ပုံကို ဆွဲထားခြင်းဖြစ်၏။



ဘီလူးကတော့ ရှေးခေတ်ပုံစံအတိုင်း ဘီလူးတစ်ကောင်ပါ။ သို့သော် ဆန်းနေသည်က သူရောက်နေသော နောက်ခံနေရာဖြစ်၏။

ဘီလူးပုံ၏ နောက်ခံမှာ မော်ဒန်ပန်းချီများလို အရောင်တွေ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသော်လည်း မြင်သာပါသည်။ ယနေ့ခေတ်ပုံစံ အိမ်တစ်လုံး၏ အတွင်းရှုခင်းဖြစ်၏။

ရှေးဟောင်း ဘီလူးတစ်ကောင်၊

ယနေ့ခေတ်ပုံ အိမ်တစ်လုံးအတွင်းရောက်နေ[illegible]

[illegible]စ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပြခန်းအတွင်းသို့ သူတို့ဝင်သွားကြသော အခါ ထိုဘီလူးပုံပန်းချီကားအနီး၌ လူရွယ်တစ်ယောက် ရပ်နေသည်ကို တွေ့၏။ သို့သော် သေချာသတိထား မကြည့်မိ။

ပန်းချီကားဆီသို့သာ ဦးတည်သွားရင် တစ်ယောက်တစ်ပေါက် ဝေဖန်လာမိကြလေသည်။ ဒေါ်မြဇင်က စတင်ရေရွတ်ခဲ့၏။

"အသက်ပါလိုက်တာနော်"

"ဟုတ်တယ်၊ အရမ်းမာန်ပါတာပဲ၊ တကယ့် ဘီလူးအစစ်ကို မြင်နေရသလိုပဲ"

ဦးထွန်းရွှေ စကားဆုံးဆုံးချင်းမှာပင် ဦးမောင်မောင်သန်းကလည်း ဝင်ပြောလိုက်၏။

"ဒါပေမယ့် ဒီဘီလူးက ဘာလို့ ဒီဘက်ခေတ် အိမ်ထဲရောက်နေရတာလဲ မသိဘူး"

သို့သော် ...

ထို့နောက်တွင် ...

သုံးယောက်လုံး စကားမဆက်နိုင်စရာ ဖြစ်ရပ်တစ်ခုမှာ ဖြစ်ပေါ်၍ လာခဲ့ချေ၏။



ဘီလူး၏ မျက်နှာတည့်တည့် မျက်မှောင်နေရာသို့ ကြည့်မိစဉ်၌ဖြစ်သည်။

ပန်းချီကားဆီမှ ထွက်ပေါ်လာသော ...

'ဝေါ ... ဂရော' ဆိုသည့် အသံကြီးကို ရုတ်တရက် ကြားလိုက်ရသဖြင့် ဦးမောင်မောင်သန်း ဆတ်ကနဲ တုန်လှုပ်သွားမိခဲ့လေသည်။

ဘေးက သူ့လူနှစ်ယောက်ဆီကြည့်မိသော အခါတွင်လည်း ခြောက်ခြားနေဟန် မျက်နှာထားများကို မြင်ရလေ၏။

အဆက်အစပ်မရှိဘဲ မေးလိုက်သည်။

"ကြားလိုက်ရလား"

ဦးထွန်းရွှေရော ဒေါ်မြဇင်ပါ မျက်နှာမသာမယာဖြင့် ခေါင်းညိတ်ကြသည်။ ဒေါ်မြဇင်ကတော့ ကြောက်စိတ်ဖြင့် ဇွတ်မှိတ်ငြင်းပယ်လိုဟန်ပင်။

"ဟို ... စိတ်ထဲက ထင်လို့များလား မသိဘူးနော်"

ဦးထွန်းရွှေက သက်ပြင်းချ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် သုံးယောက်လုံးကြားတဲ့ဟာ စိတ်ထဲက ထင်လို့တော့ ဘယ်ဖြစ်နိုင်မှာလဲ ... မြရယ်"

ထို့နောက် သုံးယောက်လုံးပင် ပြိုင်တူလိုလို ပြောဖြစ်မိသွားကြလေသည်။

"ဒီပန်းချီကားကို ဘယ်သူများရေးတာလဲ မသိဘူးနော်"

"ဒါကိုဆွဲတဲ့ ပန်းချီဆရာနာမည်က ကိုသန့်ဇင်တဲ့၊ မော်ဘီမြို့စွန်မှာနေတယ်"

ဝင်ပြောလိုက်သူအား လှည့်ကြည့်မိကြသောအခါ လူရွယ်တစ်ယောက်ကိုတွေ့၏။ သူတို့ ပြခန်းအတွင်း စတင်ဝင်လာစဉ်က ပန်းချီကားအနီး၌ ရပ်နေခဲ့သော လူရွယ်ဖြစ်သည်။

ဘယ်သူမှ မမေးရပါဘဲနှင့် ထိုသူက ပန်းချီကားအကြောင်း ဆက်ပြောပြနေလေသည်။

"ဒီဘီလူးပုံက ဟိုအရင်က နာမည်ကျော် ပန်းချီဆရာကြီး ဦးအုန်းလွင်ဆွဲတာတဲ့ ဥဏှ



ဆိုကဲ့ ပန်းချီကားထဲကလေ၊ အဲ့ဒါကိုနောက်ခံမြင်ကွင်းပြောင်းပြီး ကိုသန့်ဇင်က ဆန်းသစ်တဲ့ ဖွဲ့စည်းမှုနဲ့ ပြန်ဆွဲထားတာပေါ့"

ဦးမောင်မောင်သန်းတို့ သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ ဦးထွန်းရွှေက လူရွယ်အား ပြုံးပြလိုက်သည်။

"ငါ့ညီက ဒီပန်းချီကားအကြောင်း အတော်သိတာပဲ"

"ဟုတ်တယ်၊ ပန်းချီကားက ထူးခြားနေတာကိုး၊ ဒီပန်းချီတင်မက ပန်းချီဆရာကလည်း အတော်ထူးခြားတယ်ဗျ"

"သူ ... ဘယ်မှာနေလဲဆိုတာ ငါ့ညီသိသလားဟင်"

"သိတယ်၊ အဲ့ဒါကြောင့် ခဏနေရင် သွားတော့မလို့"

ဒေါ်မြဇင်က တုန့်ဆိုင်းတုန့်ဆိုင်းဖြင့် ဝင်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မောင်က ဘယ်သူလဲဟင်၊ ဘာလို့ ဒီကိစ္စကို ဒီလောက်စိတ်ဝင်တစားရှိနေရတာလဲ"

"ကျွန်တော့်နာမည်က အောင်ခိုင်တဲ့၊ ဒီကိစ္စ စိတ်ဝင်စားရတာကတော့ ကျွန်တော်ကိုယ်တိုင်လဲ ကျွန်တော့်အိမ်မှာ ထူးထူးဆန်းဆန်း တွေ့ကြုံပြီး နေလို့မရဖြစ်ခဲ့ရတာကနေ စတာပါပဲဗျာ"





www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

အောင်ခိုင်နှင့်အတူ သူတို့သုံးယောက်လုံး ပန်းချီဆရာအိမ်သို့ လိုက်လာခဲ့ကြသည်။ အောင်ခိုင်က လမ်းမှာ ပြောပြ၏။

"ကျွန်တော် ဒီပန်းချီဆရာရဲ့လိပ်စာကို ပြခန်းမှာ စုံစမ်းထားတာကြာပြီ၊ ဒီနေ့မှသိရလို့ သွားရတာ"

"အဲ့ဒီပန်းချီဆရာက ပြခန်းကို မလာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်အင်း၊ သူက ခပ်ဆန်းဆန်းရယ်လို့ ပြောတာပဲ"

ထိုသူ၏ဆန်းကြယ်မှုများကိုတော့ လမ်းမှာကထဲက ကြိုတင်ခံစားရပါသည်။ ထိုပန်းချီဆရာ၏နေရာကို သူတို့ ရပ်ကွက်အတွင်း ဟိုမေးဒီမေးလုပ်စဉ်ကထဲက လူတွေ၏ တုံ့ပြန်ပုံက ထူးခြားလှ၏။

"ဩော် ... ဟိုအိမ်ကိုပြောတာလား"

ဟုဆိုကာ နေရာအတိအကျကိုပင် ပြောပြချင်ပုံမရ။

တစ်ချို့တွေကျတော့လည်း အသေအချာ ညွှန်ပြကြပေမယ့်ပြောပြီးသည်နှင့် ခပ်ရွံ့ရွံ့ဟန်ဖြင့် အမြန်ပင် လှည့်ထွက်သွားကြလေ၏။

သူတို့လေးယောက်လုံး မှတ်ချက်ချမိသည်မှာတော့ တစ်ညီတညာတည်း။

"လူတွေကြည့်ရတာ ပန်းချီဆရာရဲ့အိမ်နဲ့ ပတ်သက်ပြီး တစ်ခုခုကြောက်နေကြသလိုပဲ"



ဘာကြောင့် ထိုသို့ ဖြစ်ကြသည်ကိုတော့ မကြာမီမှာပင် သူတို့ သိခွင့်ရခဲ့ပါလေ၏။

ပန်းချီဆရာနေထိုင်သော အိမ်မှာ ဝါးထရံစည်းရိုးများဖြင့် ကာရံထားသော ခြံဝင်းကျယ်ကြီးတစ်ခုအတွင်းတည်ရှိသည်။

ခြံဝင်းအတွင်း သစ်ပင်တစ်ပင်တလေမျှပင်မရှိ။ တင်းမာသော ကုန်းမြေပြောင်ပြောင်တွင် ခပ်မှိန်မှိန် မှုန်ကုပ်ကုပ် ပျဉ်ထောင်အိမ်လေးတည်ရှိနေပုံကက စိတ်ထဲဘဝင်မကျစရာ ကောင်းလှချေ၏။

ဒေါ်မြဇင်မှာ နှုတ်ကဖွင့်၍ပင် ရေရွတ်မိသည်။

"ဒီအိမ်ကြည့်ရတာ စိတ်ထဲဘာ ဘဝင်မကျမှန်းကို မသိဘူး၊ တစ်မျိုးကြီးပဲ"

ကျန်သူများမှာလည်း နှုတ်ကသာ ဖွင့်မပြောသော်ငြား ထိုသဘောအတိုင်းပင် ရှိကြလေ၏။

ခြံဝင်းအတွင်းသို့ ဝင်လိုက်ပြီးသည်နှင့် သူတို့ခြေလှမ်းများ လေးလံသွားကြသည်။ တရွေ့ရွေ့ စိတ်မသက်မသာဖြင့် လျှောက်လာကြရင်း အိမ်တံခါးဝကို

www.burmeseclassic.com

www.burmeseclassic.com



မြင်မိလိုက်စဉ်မှာတော့ အားလုံးရင်မောသွားမိကြလေသည်။

"ဟင် အိမ်က တံခါးကြီးသော့ခတ်လို့ပါလား"

ဦးမောင်မောင်သန်းက လေးလံစွာ ရေရွတ်သည်။ အောင်ခိုင်ကတော့ စိတ်ရှည်ရှည်ထားနိုင်ဟန်မတူ။

"ရှိလိုရှိငြား အော်ခေါ်ကြည့်ကြတာပေါ့ဗျာ"

ဟုဆိုကာ တစ်ဆက်ထဲ အိမ်ဘက်လှည့်၍ အော်ခေါ်လေတော့၏။

"ဗျို့ ... ကိုသန့်စင်၊ ဗျို့ ပန်းချီဆရာကိုသန့်ဇင်"

လေးငါးခွန်းခန့်အော်ခေါ်ပြီး မထူးခြားတော့ အောင်ခိုင်ပင် စိတ်လျှော့သွားဟန်တူ၏။ ဦးထွန်းရွှေကလည်း ...

"လူမရှိဘူးနဲ့တူတယ်၊ ပြန်ကြပါစို့ကွာ"

ဟု လောဆော်သည်။ ထိုစဉ်မှာပင် အိမ်နံဘေးဘက်ဆီမှ အသံတစ်သံ ထွက်ပေါ်လာလေ၏။



"ဘယ်သူလဲဗျ"

အားလုံးအသံကြားရာဆီ လှည့်ကြည့်မိကြသောအခါ အိမ်နံဘေးဘက်ရှိ ကားဂိုထောင်သဖွယ်အခန်းမှ တံခါးတစ်ချပ်ပွင့်ဟလာသည်ကို တွေ့ရ၏။ နဂိုက ထိုနေရာတွင် မည်သူမျှရှိမည် မထင်သဖြင့် သူတို့ဂရုမစိုက်မိကြခြင်းဖြစ်၏။

ခပ်ဟဟဖြစ်နေသော တံခါးကြားမှ ပေါ်ထွက်လာသည်က မုတ်ဆိတ် ကျင်စွယ်များဖြင့် ရှုပ်ပွကာ မဖြီးမသင်ထားသော ဆံပင်တို့ဘုတ်သိုက်ဖြင့်ယောကျာ်းတစ်ယောက်။

တံခါးအဟကြားမှ ဦးခေါင်းပိုင်းလေးသာ ထွက်ပေါ်လာသော ထိုလူကို ရုတ်တရက်မြင်ရသည့်အခါ ဒေါ်မြဇင်ပင် လန့်သွားမိလေသည်။

အသက်ကင်းမဲ့လှစွာသော အသံခြောက်ခြောက်ဖြင့် ထိုလူကမေး၏။

"ဘာကိစ္စရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်သန်းနှင့် ဦးထွန်းရွှေတို့ ရတ်တရက် တုံ့ဆိုင်းနေကြစဉ် အောင်ခိုင်က သွက်သွက်လက်လက် ဝင်ဖြေလိုက်လေ၏။

"ကျွန်တော်တို့ ပန်းချီဆရာကိုသန့်စင်နဲ့ တွေ့ဖို့လာတာပါ"

"ကိုသန့်စင်ဆိုတာ ကျုပ်ပဲ၊ ဘာကိစ္စရှိလို့လဲ"

အီး ‥ အဲ နှင့် အောင်ခိုင်မှာ ဘာပြောရမယ်မှန်း ချက်ချင်းစဉ်းစားမရ။

ဒေါ်မြဇင်ကတော့ … ငါတို့ကို အထဲဝင်ဖို့တောင် မခေါ်ဘူး၊ တော်တော်ရိုင်းတဲ့လူပဲ ဟု တွေးတောနေမိလေသည်။

စကားပြောနေသည်ကပင် တံခါးကြားမှ ဦးခေါင်းပိုင်းသာ ထွက်ပြူ၍ တစ်ကိုယ်လုံးပေါ်ထွက်မလာ။ သူတို့ကို ပြောစရာရှိတာ မြန်မြန်ပြော၍ မြန်မြန် ပြန်သွားစေချင်ပုံပေါ်၏။

အောင်ခိုင်က အတင်းစွပ်၍ပြောသည်။



"ကျွန်တော်တို့ကို အထဲခဏလောက် ဝင်ခွင့်ပြုပါလား"

"အထဲမှာ နေရာထိုင်ခင်း အဆင်မပြေဘူးဗျ"

"ရပါတယ်၊ မတ်တပ်ပဲ ရပ်ရရပ်ရ ကိစ္စမရှိပါဘူး"

ဦးမောင်မောင်သန်းကပါ ဝင်ပြောလာတော့ ကိုသန့်စင်ဆိုသော ထိုလူမှာ မနေသာတော့ …။

တစ်ခုခုပြောမလိုပြင်ပြီးမှ သက်ပြင်းချ၍ …

"အေးလေ၊ ဒါဆိုလဲ ဝင်ခဲ့ပေါ့"

ဟု တံခါးကို ဖွင့်ပေးလေသည်။

အရင်က ကားဂိုဒေါင်ဟောင်းတစ်လုံးဖြစ်ပုံရသော ထိုနေရာသို့ ဝင်ရောက်လိုက်မိသည်နှင့်ပင် ရောက်လာသူ လေးဦးစလုံး စကားပင်မပြောနိုင်အောင် ဖြစ်သွားကြ၏။

မျက်နှာကျက်ပါမကျန် ဂိုဒေါင်၏နေရာအနှံ့အပြား၌ ပြည့်နှက်စွာနေရာယူထားသည်က အလွန်ထူးခြားသောပုံများဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရောင်စုံ အသွေးစုံဖြစ်သော်လည်း အမိက အားဖြင့်တစ်ခုထဲ။

ဘီလူးတစ်ကောင်၏ပုံကို ရွှေထောင့်မျိုးစုံ၊ အသွင်သဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်ထားခြင်းဖြစ်လေသည်။

ပန်းချီကားတွေထဲမှာ ဘီလူး၏နေထိုင်လုပ်ကိုင်နေပုံက တစ်ခုနှင့်တစ်ခု လုံးဝမတူ။ တစ်ချို့က ကြောက်စရာကောင်းလှ၏။ တစ်ချို့ကျတော့လည်း မုန်းတီးစက်ဆုတ်ဖွယ်အသွင်။

မည်သို့ပင်ဖြစ်စေ ထူးခြားလွန်းနေတာကတော့ အမှန်ပင်ဖြစ်သည်။

ဘီလူးပုံ ပန်းချီကားတွေကို ကြည့်ရင်း ကြည့်ရင်းက ဘီလူးကို တကယ်သက်ရှိထင်ရှားရှိနေသလို ခံစားလာမိ၏။

ဘီလူးပုံတွေ အများကြီးထဲမှာ ဘီလူးတစ်ကောင်၏ ရယ်သံ။ ဘီလူး၏ငိုသံ။ ဘီလူး တက်ခေါက်သံ၊ ဘီလူး သက်ပြင်းချသံ ... စသဖြင့် ကြားယောင်လာရသလို ရှိ၏။



ဘီလူး၏ တကယ်လှုပ်ရှားသွားလာနေပုံကိုပင် ကိုယ်တွေ့ မျက်မြင် မှတ်တမ်းတင်ထားသကဲ့သို့ ရှိချေသည်။

ရောက်လာသူ လေးယောက်လုံးတစ်ယောက်တစ်ပေါက်ဖြင့် မေးခွန်းတစ်ခုစီ လွှတ်ကနဲ ထွက်သွားမိကြသည်။

အောင်နိုင်က ...

"ခင်ဗျား ဒီပုံတွေ ဘယ်လိုလုပ်ပြီး ဆွဲဖြစ်တာလဲ"

တဲ့။ ဦးထွန်းရွှေကတော့ ...

"ဘာလို့များ ခင်ဗျားဆွဲထားသမျှဟာ ဘီလူးပုံချည်းပဲဖြစ်နေရတာလဲ"

ဟု မေး၏။ ဒေါ်မြဇင်ကတော့

"ရှင် ... ရှင်က ဘီလူးနဲ့တကယ် တွေ့ဖူးလို့လားဟင်"

ဟု တုန်တုန်ယင်ယင် ဆိုသည်။ ဦးမောင်မောင်သန်းကတော့ မျက်ခုံးများကို ပြင်းထန်စွာ ရှုံ့လျက်

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားများနှင့် တိုက်ရိုက်မသက်ဆိုင်လှသော စကား တစ်ခွန်းကိုသာ မေးသည်။

"ခင်ဗျားရော … အိမ်မှာထူးထူးခြားခြား တွေ့ကြုံခဲ့ရလား"

ပြိုင်တူနီးပါးထွက်သွားသော သူတို့၏မေးခွန်းများကြောင့် ကိုသန့်စင်မှာ မျက်နှာတစ်ချက်ပျက်၍ သွားသည်။ ထို့နောက်မှ အသိရခက်လှသော မဲ့ပြုံးတစ်ခုကို ပြုံးရင်း အဝေးသို့ငေးရီနေလျက်က စကား တစ်ခွန်းချင်း တဖြည်းဖြည်းပြောဆိုလေတော့သည်။

"ကျုပ်အိမ်မှာ ထူးထူးခြားခြား တွေ့ကြုံရလား … ဟုတ်လား၊ အင်း … ထူးထူးခြားခြား ဆိုတာထက် ခြောက်ခြောက်ခြားခြားတွေ ကြုံခဲ့ရတယ်ဆိုရင် ပိုမှန်လိမ့်မယ်၊ တကယ့် အိပ်မက်ဆိုးကြီးပါပဲ၊ ခုထိလဲ မရပ်တန့်နိုင်သေးတဲ့ အိပ်မက်ဆိုးကြီးပေါ့။ ကိုယ့်အိမ်ပေါ်မှာတောင် ကိုယ်မနေနိုင်ဘဲ ခုလို ကားဂိုဒေါင်မှာ လာနေရတာသာကြည့်ပါတော့ ကျုပ်ဟာ



အရင်ကတော့ ရိုးရိုးပုံတွေကိုပဲဆွဲခဲ့တဲ့ တခြားသူလိုငါလို ပန်းချီဆရာတစ်ယောက်ပါ။ ဒါပေမယ့် ကျုပ်အိမ်မှာ ဆိုးဆိုးရွားရွားတွေ ကြုံပြီးကထဲက တခြားဘယ်ပုံမှ ဆွဲလို့မရတော့ဘူး။ ဘာမှလဲ ကျုပ်အာရုံထဲမှာ မရှိတော့ဘူးလေ၊ ဒီတော့ ကျုပ်စိတ်ကို အချိန်ပြည့် စိုးမိုးနေတဲ့ အရာတွေကို ချရေးမိရင်း ဒီပုံတွေချည်း ထွက်လာတော့တာပဲ၊ ဒါတွေရေးမိတဲ့အတွက် ကျုပ်သိပ်ပြီး နာကျင်ခံစားရတယ်။ ကိုယ့်နေရာတစ်ခုလုံး ကြည့်လေရာရာ ဒီပုံတွေနဲ့ ချည်းပြည့်နေတာ ကြောက်စရာကောင်းသလို၊ ရွံ့စရာလည်းကောင်းလှတယ်၊ ပတ်ဝန်းကျင်ကအစ ကျုပ်နဲ့သိပ်မဆက်ဆံချင်ကြတော့ဘူး။ ဒါပေမယ့် ခက်တာက အချိန်ကျလာတိုင်း ကျုပ် ဒီပုံတွေ မဆွဲဘဲလဲ မနေနိုင်ဘူး။ ဒါဟာ ကျုပ်အတွက် မဆုံးနိုင်တော့မယ့် ဝဋ်ကြွေး တစ်ခုလိုပါပဲ။"

www.burmeseclassic.com

www.burmeseclassic.com



ကိုသန့်စင်၏အသွင်က စကားပြောနေသည်ထက် နာကျင်စွာ ရေရွတ်မြည်တမ်းနေသည်နှင့်တူလှသည်။ သူ့အတွက် ဧာနှာစိတ်ဖြင့် ဘယ်သူမှဘာမှ မပြောနိုင်ကြ။ အတန်ငယ်ကြာသွားမှာပင် ...

"ကျွန်တော်တို့ဟာ ဘဝတူတွေပါပဲဗျာ၊ ဒါပေမယ့် ခင်ဗျားကတော့ ကျွန်တော်တို့ထက် ပိုဆိုးပါတယ်လေ"

ဟု ဦးထွန်းရွှေက နှစ်သိမ့်သည်။ ဒေါ်မြဇင်ကတော့ ကြားလိုက်ရသည်များကြောင့် ပိုမို ကြောက်ရွံ့သွားဟန်တူ၏။

"ဒီကိစ္စတွေကို ကျွန်မတို့တစ်သက်လုံး ဖြေရှင်းလို့မှ ရပါ့မလား မသိဘူးနော်"

"ဖြေရှင်းစရာ နည်းလမ်းကတော့ ရှိပါတယ်"

ကိုသန့်စင်၏ စကားကြောင့် သူတို့အားလုံး အားတက်သရော နားစွင့်မိကြသည်။ သို့သော် သူ ဆက်ပြောသည်က နောက်ထပ်အကြောင်းအရာတစ်ခု ဖြစ်နေလေ၏။



"ခင်ဗျားတို့လိုပဲ အဖြစ်ဆန်းတွေနဲ့ ကြုံခဲ့ရတဲ့ လူတစ်ယောက် ကျုပ်ဆီ လာလာနေတာ ရှိသေးတယ်၊ ခုတောင် သိပ်မကြာခင် သူ လာတော့မယ်နဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

ထိုသူ၏အမည်မှာ ကိုစန်းမွန်အောင် ဖြစ်ကြောင်းသိရ၏။

ရောက်လာလာချင်းမှာပင် သူကသူ့အကြောင်းများကို ပြောပြလေသည်။

"ကျွန်တော် အရင်က စမ်းချောင်းဘက်မှာ နေတာပါ၊ လျှပ်စစ်ပစ္စည်းဆိုင်လေးတစ်ခု ဖွင့်ထားတယ်၊ တစ်နေ့တော့ ကျွန်တော့်ဆိုင်မှာ ဆိုးဆိုးရွားရွား တွေ့ကြုံရတော့တာပါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြဇင်က သိလိုဇောဖြင့် ဖြတ်မေးမိသည်။

"ပုဏ္ဏားက အတိုက်ခံရတာလား"

"အဲ့ဒီလိုပဲ ပြောရတော့မှာပဲ၊ TV တွေကျကွဲတယ်၊ ပိတ်ထားတဲ့တံခါးက သူ့ဟာသူဝုန်းကနဲပွင့်ထွက်သွားတယ်၊ နောက် ပစ္စည်းတွေ ဟိုလွင့်ဒီလွင့်နဲ့ဖြစ်တာမှ ဆုံနေတာပါပဲဗျာ"

"အဲ့ဒါနဲ့ ခင်ဗျားက ဆိုင်ကိုတစ်ခါထဲ ပိတ်လာခဲ့ရောလား"

အောင်ခိုင်မေးသည့်အခါ စန်းမွန်အောင် ဆိုသောထိုသူမှာ ခေါင်းကို မသက်မသာ ညိတ်ပြလေသည်။

"တဖြည်းဖြည်း ပိုပိုဆိုးလာတယ်ဗျ၊ တီဗွီစင်တွေကြားကနေ အနီရောင်အရည်စက်တွေကျလာတတ်တယ်၊ လူတွေကသွေးတွေကျလာတယ်ဆိုပြီး ပိုလန့်ကုန်တာပေါ့ဗျာ"



စန်းမွန်အောင်၏ စကားဆုံးသွားသည်နှင့် ဦးထွန်းရွှေက သက်ပြင်းချမိသည်။

"ဒီတိုင်းဆို ပုဏ္ဏားကတိုက်ခံရတာက စုစုပေါင်း (၆)ယောက်တောင်မှပဲ။ တစ်ယောက်နဲ့တစ်ယောက် အဖြစ်ချင်းလဲ ယေဘုယျသဘောတူကြတယ်၊ ဒါဟာ ဆက်စပ်မှုတစ်ခုခုများရှိနေမလား မသိဘူးနော်"

တခြားသူများလည်း ထိုအတိုင်းစဉ်းစားမိကြဟန်ဖြင့် ငြိမ်သက်သွားကြသည်။ ဦးမောင်မောင်သန်းက ချောင်းတစ်ချက်ဟန့်၍ ကိုသန့်စင်ကိုမေး၏။

"ဒါနဲ့ခင်ဗျားခုနက ပြောတာဘာလဲ၊ ဖြေရှင်းစရာနည်းလမ်းရှိတယ်၊ ဟုတ်လား"

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

ထိုအထဲတွင် မိန်းမသားဖြစ်သော ဒေါ်မြဇင်ကတော့ အကဲဆုံး။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ၊ ရှင်ခုနက ပြောတယ်လေ၊ ပြေရှင်းစရာ နည်းလမ်းရှိတယ်ဆို၊ ကျွန်မတို့ကို မြန်မြန်ပြောစမ်းပါရှင်"

ကိုသန့်စင်က အားလုံး၏ မျှော်လင့်စောင့်စားနေသော မျက်နှာများအား တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထို့နောက် အသံတည်တည်ငြိမ်ငြိမ်ဖြင့် …

"ကျုပ် နဂိုထဲက ဒီကိစ္စဟာ ကျုပ်တစ်ယောက်ထဲမှာ ကြုံခဲ့ရတာမဟုတ်မှန်း သိတယ်"

ဟု ဆိုလေသည်။ သူ့စကားမဆုံးခင် အောင်နိုင်က ဖြတ်မေး၏။

"ဘယ်လိုသိတာလဲဟင်"

"အိပ်မက်တစ်ခုကြောင့်ဆိုပါတော့ အရမ်းကြောက်စရာကောင်းတဲ့ တစ်ပိုင်းတစ်စ အိပ်မက် တစ်ခုကို ကျုပ်အမြဲလို မက်လေ့ရှိတယ် အဲဒီအိပ်မက်ဟာ ခရီးတစ်ခုကိုသွားတာ၊ ဒါပေမယ့် ကျုပ်သွားတာ ခရီးစလည်း မဟုတ်သလို၊ ခရီးဆုံးလည်းမဟုတ်သေးဘူး၊ တစ်ပိုင်းတစ်စခရီးတစ်ခု ဖြစ်နေတယ်၊ အဲ့ဒီထဲက ကျုပ်လို ကြုံနေရတဲ့ တခြားလူတွေရဲ့အိပ်မက်တွေနဲ့ ဖြည့်စွက်မှ ဒီအိပ်မက်ထဲက ခရီးလမ်းဟာ ပြည့်စုံမယ်လို့ ကျုပ်တွက်မိတယ် … ခင်ဗျားတို့ရော အရမ်းကြောက်စရာကောင်းတဲ့ ထူးထူးခြားခြား အိပ်မက်တစ်ခုကို မကြာခဏ မက်နေတာမျိုး မရှိဘူးလား"

"ရှိတာပေါ့၊ ဟိုတစ်နေ့ကလေးတင် ကျွန်မ အဲ့ဒီလို အိပ်မက်မျိုးမက်ခဲ့သေးတယ်"

ဒေါ်မြဇင်ကစ၍ အားတက်သရောပြောပြ၏။ ထို့နောက် ကျန်သူတွေကပါ တစ်ယောက်ပြီးတစ်ယောက် ဖြည့်စွက်ကြလေသည်။

လူခြောက်ယောက်။ စုစုပေါင်း အိပ်မက်ခြောက်ခု။

အိပ်မက်အားလုံး၌ တူညီနေသည်ကတော့ ‥
အဝေးတစ်နေရာမှ ခေါ်ငင်နေသော
သွေးပျက်ဖွယ်ညီးသံကြီးတစ်ခုနှင့် အဆုံးသတ်နေကြခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့အား ဆက်စပ်လိုက်သောအခါ ခရီးလမ်းကြောင်းတစ်ခုသည် အုံ့ညြဖွယ်ပေါ်ထွက်လာခဲ့လေ၏။

ခရီး၏ပထမဆုံးသည် ဒေါ်မြဇင်၏အိပ်မက်တွင် စတင်၏။ သူမက သူမအိပ်ခန်းမှ ထွက်ကာ မြစ်ဆိပ်သို့သွားရသည်ဟု အိပ်မက်သည်။

ထို့နောက် စန်းမွန်အောင်။ သူ့အိပ်မက်တွင် မြစ်ကြောင်းတစ်လျှောက်မှ ချောင်းကွေ့တစ်ခုဆီ ဝင်ရောက်သွားသည်။

အောင်ခိုင်ကျတော့ ထိုချောင်းကွေ့မှ ကမ်းပေါ်တက်ကာ ကွင်းပြင်ကန္တာရတစ်ခုဆီ ဦးတည်ခရီးနှင်ရသည်ကို အိပ်မက်ထဲ၌ တွေ့ရသည်။

သူပြီးတော့ ပန်းချီဆရာ ကိုသန့်စင်ဖြစ်၏။ ကြမ်းတမ်းဆုံးခရီး။ ကန္တာရထဲမှ အလွန်ထူထပ်လှသော တောထဲသို့ ရောက်သွားသည်။

နောက်ထပ် ဆက်စပ်ရသော ဦးထွန်းရွှေ၏ အိပ်မက်ကျတော့ တောထဲမှထွက်ကာ ရွာတစ်ရွာဆီ ရှေးရှုလျက်။



ဦးမောင်မောင်သန်း၏ အိပ်မက်ကျတော့ နောက်ဆုံးဖြစ်၏။ ရွာကိုကွေ့ပတ်လျှောက်သွားပြီး ရွာ၏တစ်ဘက်စွန်းရှိ အိမ်ကြီးတစ်အိမ်ရှေ့တွင် ခရီးဆုံးသွားသည်။

“ဘယ်လိုအိမ်ကြီးမျိုးလဲ”

ဦးမောင်မောင်သန်းကို အားလုံးက ဝိုင်းမေးကြသည်။

“သေချာတော့ မသိဘူး၊ ရဲတိုက်ကြီးလိုမျိုးပဲ စုလျစ်မွန်းချွန်တွေနဲ့၊ အိမ်ကြီးက နှစ်ဆောင်တွဲအကြီးကြီးပဲ ဒါပေမယ့်ထူးခြားတာက…”

စကားကို တစ်ပိုင်းတစ်စရပ်ထား၍ မချင့်မရဲဖြစ်ကုန်ကြသည်။

“ဟာ! လုပ်ပါဆက်ပြောပါ”

ဟု အားလုံးဝိုင်းတောင်းဆိုကြ၏။ ဦးမောင်မောင်သန်းက သူ့အိမ်မက် သူပြန်မြင်ယောင်မိနေဟန် အထိတ်တလန့်လေသံနှင့် …

“အိမ်ကြီးက မဲမဲကြီး၊ သိပ်ပြီးမဲနက်နေတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"မှောင်နေတာမျိုးလား"

"မဟုတ်ဘူး၊ နေ့ခင်းကြောင်တောင်ကြီးမှာကို မဲနက်နေတာ ဟို အိမ်တစ်အိမ်လုံးကို အနက်ရောင်ဆေးတွေနဲ့ သုတ်ထားသလိုမျိုးပဲ"

ပန်းချီဆရာ ကိုသန့်စင်က ...

"ရေနံချေးသုတ်ထားတာနေမှာပေါ့"

ဟု ဝင်ထောက်လေသည်။ ဦးမောင်မောင်သန်းက ခေါင်းခါ၏။

"မဟုတ်ဘူး၊ ရေနံချေး သုတ်ထားတဲ့ အိမ်က ဒီလောက်မမဲဘူး၊ ရေနံချေးဆိုတာ သစ်သားတွေထဲ စိမ့်ဝင်တတ်တာမျိုးပဲ၊ ခပ်မှိုင်းမှိုင်းသာ ရှိတော့မှာပေါ့၊ ခုဟာက တမင်ဆေးအနက်ရောင်သုတ်ထားသလို ပိန်းပိန်းပိတ် မဲနက်နေတာ၊ ပြီးတော့ ..."

ဦးမောင်မောင်သန်းက ပြောရင်း မောလည်းမော၊ ကြောက်လဲကြောက်ရွံ့လာဟန်ဖြင့် စကားလုံးများ ခေတ္တတစ်ဆို့နေလေ၏။ ကျန်သူအားလုံးမှာ



အသက်ပင် ပြင်းပြင်းမရှူရဲ။ ဦးမောင်မောင်သန်း ဆက်ပြောသည်ကို မျက်လုံးအပြူးသားဖြင့် ထိတ်လန့်တကြား နားထောင်နေမိကြလေ၏။

"... ပြီးတော့ အိမ်ကြီးကနေ ရုတ်တရက် မျက်လုံးကြီးနှစ်လုံးပွင့်လာတယ်"

"အိမ်ထဲကနေ မျက်လုံးကြီးနှစ်လုံးနဲ့ ကြောက်စရာ တစ်ခုခု ထွက်လာတာလား"

"မဟုတ်ဘူး၊ အိမ်ကြီးကိုက သတ္တဝါကြီးတစ်ကောင်လို အသက်ဝင်ပြီး မျက်လုံးကြီးနှစ်လုံးပွင့်လာတာ"

ထို့နောက် ဦးမောင်မောင်သန်းက စကားကို ရုတ်တရက် အဆုံးသတ်လိုက်သည်။ သူတို့ကြားတွင် တိတ်ဆိတ်ခြင်းက တဒင်္ဂ လွှမ်းမိုး၍သွား၏။ အတန်ကြာမှ ...

"ဒီတော့ ဘာဆက်လုပ်ကြမလဲ"

ဟု အောင်ခိုင်က စ,ပြောလေ၏။ ဒေါ်မြဇင်ကလည်း အဖျားခတ် တုန်ယင်နေသောလေသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"ခရီးအဆုံးမှတ်က ကြောက်စရာကြီးနော်"

ဟု ရေရွတ်သည်။ ကိုသန့်စင်ကတော့ အပြတ်သားဆုံး စကားတစ်ခွန်းကို ဆိုသည်။

"ဟုတ်ပါတယ်၊ သွားရမယ့်ခရီးကတော့ တကယ့်ထိတ်လန့်ခြောက်ခြားစရာပါပဲ၊ ဒါပေမယ့် ကျုပ်တို့ အမြဲတမ်း ကြုံနေရတဲ့ ထိတ်လန့်စရာတွေကို ရပ်တန့်ဖို့ဆိုရင် တစ်ခုထဲသော လုပ်စရာက အဲဒီကို သွားဖို့ပဲရှိတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

တကယ်ကို ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများနှင့် စိတ်လှုပ်ရှားမှုများ ရောပြွမ်းနေသောခရီးပင်ဖြစ်ပါသည်။

သို့သော် ကြုံတွေ့နေရသော ဒုက္ခအားလုံး အဆုံးသတ်နိုင်တော့မည်ဟူသော မျှော်လင့်ချက်က သူတို့ကို ရှေ့ဆက်ဖို့အားအင်များရရှိစေ၏။

လမ်းခရီးတစ်လျှောက်၌ မကြာခဏ အနှောင့်အယှက်ပေးနေသည်မှာတော့ အိပ်မက်ထဲမှ ညည်းပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဖျတ်ကနဲ ဖျတ် ကနဲကြားယောင်မိနေရခြင်းပင် တည်း။

အိပ်မက်တွေကို ဆက်စပ်ထားသော ပြည့်ဆွန်ရာ လမ်းကြောင်းအတိုင်း သူတို့လိုက်ခဲ့ကြသည်။

ရေတစ်တန်၊ ကုန်းတစ်တန်။

စက်လှေငှားလိုငှား၊ ကားဖြင့်သွားလိုသွားဖြင့် ရန်ကုန်မှ မိုင်အတော်ဝေးဝေးသို့ သူတို့ခရီးပေါက်လာ ခဲ့ကြ၏။

တစ်ခါတစ်လေကိုလည်း လမ်းပျောက်သွား မလို ရှိတတ်သည်။

သို့သော် ရင်ထဲမှ အလိုလို သိစိတ်တစ်ခုက သူတို့ကို လမ်းညွှန်ခေါ်ဆောင်နေလေ၏။

စိတ်ထဲမှသိနေသော စိတ်၏ဦးတည်ရာကို လိုက်ရင်း အိပ်မက်ထဲမှာ တွေ့ခဲ့ဘူးသော သဲလွန်စ တစ်ခုမဟုတ်တစ်ခုကိုတော့ ပြန်တွေ့ရတတ်မြဲဖြစ်၏။

ဒေါ်မြဇင်က လမ်းတွင် သူမတွေးမိသည်ကို ပြောပြသည်။



"ကျွန်မတို့တွေ ခုသွားနေတာဟာ အစီပွါယ် မှရှိရဲ့လားမသိဘူးနော်"

"ဘာလို့လဲ မြရဲ့"

ဦးထွန်းရွှေ လှမ်းကြည့်သည့်အခါ ဒေါ်မြဇင်၏ အသွင်မှာ အနည်းငယ်ညှိုးငယ်နေကြောင်း တွေ့ရသည်။

"ကျွန်မ စိတ်ထဲမှာတစ်မျိုးပဲ၊ ခရီးပိုပြီး ရောက်လာလေလေ၊ အန္တရာယ်ကြီးတဲ့တစ်ခုခု နဲ့ ပိုပြီးနီးလာလေလေလို့ ခံစားရတယ်။ ကျွန်မ တို့ အဖြစ်က ကိုယ့်သေခြင်းတရားဆီ ကို ဦးတည်သွားနေတာမျိုးနဲ့ မတူဘူးလား၊ မီးကို ဝင်တိုးတဲ့ ပိုးကောင်တွေလိုမျိုးလေ"

တကယ်တော့ တခြားသူတွေလည်း သူမ အတိုင်းခံစားနေကြရသည်ပဲ ဖြစ်ပါ၏။ ထုတ်သာ မပြောကြသော်လည်း ကြာလာသည်နှင့်အမျှ ကြောက်ရွံ့ စိတ်သည် သူတို့ရင်အား တစစလေးလံစွာ ပိုပိုဖိဆီး၍ လာသည်။

သို့သော် ဆက်သွားနေမိသော ခရီးကိုလည်း ရပ်တန့်၍မရ။

www.burmeseclassic.com

www.burmeseclassic.com



စထွက်လာမိပြီးကထဲက သူတို့စိတ်နှင့် သူတို့ကိုယ်မဟုတ်တော့ဘဲ ညို့ချက်တစ်ခုဆီ တရွေ့ရွေ့ ချဉ်းကပ်မိသွားမိသည်နှင့် တူလှ၏။

ထိုသို့ဖြင့်ပင် …

ညနေ နေဝင်ရီတရော မှောင်စပျိုးချိန်တွင်တော့ …

ရွာတစ်ရွာအား အဝေးမှ လှမ်းမြင်ရသော နေရာတစ်ခုဆီသို့ သူတို့ရောက်ရှိလာခဲ့ကြလေတော့သည်။

ထိုစဉ်မှာပင် သူတို့ခြေလှမ်းများအား ရပ်တန့်သွားစေသော ကိစ္စတစ်ခုသည် ဖြစ်ပေါ်၍ လာခဲ့ချေ၏။

သူတို့အားလုံးနားနှင့်ဆတ်ဆတ် …

"အီး ဟီး ဟီး"

ဟု သံရှည်ဆွဲ၍ အော်လိုက်သော ညည်းသံကြီးကိုကြားလိုက်ရခြင်းဖြစ်လေသည်။

ဿဿဿဿ



[ ၁၀ ]

ဦးမောင်မောင်သန်း၏ အိပ်မက်အတိုင်း

ရွာပြင်မှပတ်ကာ လျှောက်လာခဲ့ရသော်လည်း

သူတို့အားလုံး၏ ခြေလှမ်းများမှာမူ အတော်ပင် နှေးကွေးနေခဲ့ပြီဖြစ်ပါသည်။

ယခုတော့ ညည်းသံကြီး၏ထွက်ပေါ်လာရာ ကို သူတို့သိရှိခဲ့ကြလေပြီ။

ယင်းမှာသူတို့ ဦးတည်သွားနေသော ခရီးအဆုံးသတ်တွင်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မက်ထဲတွင် ကြားရစဉ်ကထဲက အလွန် တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းခဲ့သော အသံရှည်ကြီးကို ယခုလို တကယ်ဂ ကဲတွေ့ နားနှင့်ဆတ်ဆတ် ကြားလိုက်ရသောအခါ သူတို့သွေးပျက်သွားပုံမှာ ဆိုဖွယ်ရာမရှိ။

သို့သော် ထိုအသံကြီးသည်ပင် သူတို့ကို ညို့ငင်နေမှုအား ပိုအားကောင်းစေခဲ့၏။

ဆင်ခြင်တုံတရား ကင်းမဲ့သွားသူများလိုပင် ကြောက်သည့်ကြားက ပိုတိုး၍သွားသည်။

အနားရောက်လေလေ တုန်လှုပ်မှုက ပို၍ တိုးလာလေလေ။

အချင်းချင်းဟာဟာလေးမျှပင် စကားမပြော ဖြစ်ကြ။ တစ်ယောက်မျက်နှာတစ်ယောက်လည်း မကြည့်ဖြစ်ကြ။

လူတစ်ကိုယ်လုံး ရေချိုးထားသလိုပင် ချွေးများဖြင့် ရွှဲနစ်နေလေတော့၏။



ရွာကိုပတ်ကာ တည်ရှိနေသော လှည်းလမ်းကြောင်းကလေးက တမျှော်တခေါ်။ ဘယ်တော့မှ မဆုံးနိုင်တော့မည့်ပမာ ထင်ရ၏။

သစ်ပင်တွေ ထူထပ်ရာမှ တဖြည်းဖြည်း ကျဲပါးရာဆီသို့ ရောက်လာခဲ့သည်။ ချုံပုတ်စုကလေးများနှင့် သစ်ပင်ပုလေးများသာမြင်ရသည်။

တစ်ခါတရံ

ဖျတ်ကနဲထပျံတတ်သော …

မြေဝပ်ငှက်ကလေးတစ်ကောင်တစ်လေကို တွေ့မိသည်ကပင်

ရင်ထဲ ပရမ်းပတာတုန်ရီသွားစရာ ဖြစ်နေလေတော့၏။

ရှေ့ဘက်မှ မြေသားပြောင်ပြောင်ကို ကြည့်မိရင်း …

ရင်ထဲစကားတစ်လုံးသာ ဝင်ရောက်လာမိကြလေသည်။

တစပြင်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူတို့သည် အကျည်းတန်လှသော စက်ဆုတ်ဖွယ် တစပြင်အလယ်သို့ ရောက်ရှိနေကြခြင်းပင်တည်း။

ညည်းသံကြီးကို ထပ်မကြားရတော့။

သို့သော် ခရီးဆုံးနှင့် တဖြည်းဖြည်းနီးကပ်လာပြီမှန်း သိသည်။

ခြေတစ်လှမ်း။

ပြီးတော့ နောက်တစ်လှမ်း။

မြေပေါ် ခြေဖဝါးချမိသံသဲ့သဲ့ကပင် သူတို့နှလုံးသားများသို့ လေးလံလှစွာသော တူကြီးနှင့် တစ်ချက်ချင်း ထုနှက်နေသည့်ပမာဖြစ်၏။

လမ်းအကွေ့တစ်ခုသို့ ရောက်လာခဲ့ကြသည်။

ဦးမောင်မောင်သန်းက တီးတိုးပြော၏။

"ရှေ့ဆိုရောက်ပြီ"

တနည်းအားဖြင့် သူတို့၏ခရီးဆုံးလေပြီ။

ဆက်သာ လှမ်းနေသော်လည်း ဒေါ်မြဇင်က မျက်လုံးကို စုံမှိတ်ထားလိုက်မိ၏။ ကျန်သူတွေကလည်း ခေါင်းငုံ့ကာ မျက်လွှာချလျှောက်မိကြသည်။



အနီးဆုံးနှင့် အရှည်လျားဆုံးသော ခရီးပင်ဖြစ်၏။

နီးလာပြီ။

တဖြည်းဖြည်းပို၍ နီးလာချေပြီ။

ဘေးဘီဝန်းကျင်တစ်လောကလုံး တိတ်ဆိတ်လျှက်။

ကမ္ဘာမြေပေါ်တွင် လူသားဟူ၍ သူတို့ချည်းသာ ရှိနေသလိုခံစားရ၏။ ခရီးဆုံးတွင် စောင့်ဆိုင်းနေသော အဆုံးစွန်ကြောက်မက်ဖွယ်ရာကြီးဆီ ဦးတည်လျှောက်လှမ်းနေကြသော အဖော်မဲ့လူသားများ။

သေမင်း၏ ဟာဖြဲထားသော ခံတွင်းဝသို့ တရွေ့ရွေ့ တိုးကပ်သွားသည့်ပမာ။

အသက်ရှူတွေ ပိုပြင်းလာကြ၏။

ကြောက်စိတ်ဖြင့် ယိမ်းယိုင်လဲပြိုသွားလုလု ခန္ဓာကိုယ်များကို အနိုင်နိုင်ထိန်းထားရသည်။

ခဏအကြာတွင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးမှသွားနေသည့် ဦးမောင်မောင်သန်းက ရပ်တန့်လိုက်သဖြင့် ကျန်သူများလဲ ရပ်လိုက်ကြလေသည်။

ရောက်ခဲ့ပြီလား။

ဘာသံမှတော့ မကြားရ။

နားက ညည်းသံရှည်ကြီးကို နားစွင့်မိ၏။

စိတ်ကလည်း အဆုံးစွန်သော ကြောက်မက်ဖွယ်ကို အသက်အောင့် စောင့်ဆိုင်းမိသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်။

တဒင်္ဂမျှအထိ ဘာထူးခြားမှုမှ မကြုံရသော အခါ …

ချထားသော မျက်လွှာများအား တဖြည်းဖြည်း ပင့်တင်ကြည့်ရှုမိကြလေသည်။ ဒေါ်မြဇင်ကလည်း မျက်စိကို တဖြည်းဖြည်းဖွင့်ကြည့်၏။

ထိုစဉ်မှာပင် …

ရုတ်တရက်

အခန်းတစ်ခုအား မီးမှိတ်ချလိုက်သလို



လောကကြီးတစ်ခုလုံး ဖျပ်ကနဲ မှောင်အတိကျသွားလေတော့သည်။

"ဟာ" "ဟင်" "ဟို"

အာမေဋိတ်သံများ ရုတ်ချည်းထွက်ပေါ်လာကြ၏။

အမှောင်ထဲတွင် အားလုံးနိုးကိုးရာမဲ့။

ကြောက်ရွံ့စိတ်သည် အခေါင်အဖျားသို့တိုင် တက်လာခဲ့၏။

အားလုံးဝရုန်းသုန်းကား

နောက်လှည့်ပြေးကြလေတော့သည်။

"နေကြပ်သွားတာဟေ့"

ဦးမောင်မောင်သန်း၏ မှတ်ချက်ချစကားသည် အပြင်းပြေးနေသော ခြေသံများအောက်တွင် ပျောက်ကွယ်သွားသည်။

ပြေးရင်းမှ အထိတ်အလန့်ဖြင့် နောက်သို့လည်း လှည့်ကြည့်မိကြ၏။


အမှောင်ထုအောက်တွင်ပင်

www.burmeseclassic.com

www.burmeseclassic.com



မည်းနက်နေသော အိမ်ကြီးတစ်ဆောင်နှင့် ထို အိမ်ကြီးမှတဖြည်းဖြည်း ပွင့်ဟလာသော မျက်လုံးကြီး များသဖွယ် အလင်းပွင့်နှစ်ခုကို သူတို့အားလုံး မျက်ဝါး ထင်ထင် မြင်လိုက်မိကြပါလေတော့သည်။



www.burmeseclassic.com



[ ၁၁ ]

"ခင်ဗျားတို့ ရွာနောက်ဘက် တလင်းပြင်ကို ရောက်သွားကြတယ်၊ ဟုတ်လား"

ရွာထဲမှ လူတွေက ထိုကိစ္စကိုသာ ထပ်တလဲလဲ မေး၍ အံ့ဩမဆုံးအောင်ဖြစ်နေကြဒလေ၏။ ဆက်ပြီး သူတို့က ပြောပြကြသည်။

"အဲ့ဒီကို အခုလို မှောင်စပျိုးချိန်မပြောနဲ့၊ လင်းလင်းချင်းမှာတောင် ဘယ်သူမှ မသွားရဲဘူး"

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ အမောတကောဖြင့် ရွာထဲပြေးဝင်လာကြသော သူတို့အုပ်စုကို ဆီးလဲဆီးကြို၊ ဂရုဏာဒေါသောနှင့်အပြစ်လဲ ဝိုင်းတင်နေကြလေ၏။

"ခင်ဗျားတို့ ဘာကိစ္စနဲ့များ အဲ့ဒီကို ရောက်သွားကြတာတုန်း"

ဆိုသော အမေးကိုမူ ဘယ်သူမှ မဖြေနိုင်ကြ။ သူတို့မှာက ကိုယ်အကြောင်းနဲ့ ကိုယ်မဟုတ်လား။

အမောတွေ့ ဘာတွေပြေပြီး သူတို့ရင်တုန်ပန်းတုန် ဖြစ်နေတာပျောက်လို့ အတော်ကြာမှ တစ်ရွာလုံးအသိချင်ဆုံးသော မေးခွန်းကို ဝိုင်းမေးကြသည်။

"ဘာတွေ့လို့များ ခင်ဗျားတို့ ဒီလောက်တောင် ကြောက်လန့်တကြားနဲ့ ရွာထဲ ပြေးဝင်လာကြတာတုန်း"

ဦးမောင်မောင်သန်းက မယုတ်မလွန် အဖြေပေးလိုက်သည်။

"ရုတ်တရက်ကြီး မှောင်သွားလို့ပါ"



ဆိုတော့ ရွာကလူတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။

"ဟုတ်တယ်လေ၊ အချိန်က မှောင်စတော့ပျိုးနေပြီပဲ၊ ဒါပေမယ့် အရမ်းချက်ချင်းကြီး မှောင်သွားတာမျိုးတော့ မရှိပါဘူး"

ထိုစကားကြောင့် ဦးမောင်မောင်သန်းတို့ စဉ်းစားရကြပ်သွားကြ၏။

"ဟို .. နေကြပ်သွားတာမျိုး၊ ခဏဖြစ်လိုက်သေးတယ်လေ"

"မဖြစ်ပါဘူး၊ ဒီအချိန်ကြီး နေကြပ်တယ်လို့ တစ်ခါမှတောင် မကြုံဖူးဘူး"

ဦးမောင်မောင်သန်း ဘာဆက်ပြောရမယ်မှန်း မသိဘဲဖြစ်သွားစဉ် ကိုသန့်စင်က ဝင်ဖြေရှင်း၏။

"ရုတ်တရက် တိမ်တွေနေကိုကွယ်သွားတာမျိုးပဲ ဖြစ်နိုင်တာပဲ"

"ဟုတ်လား! ကျွန်တော်တို့တော့ အဲ့ဒီလို မှောင်ကျသွားတာမျိုးကို မမြင်မိလိုက်တာ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆက်ငြင်းနေလို့လည်း အဖြေမရှိသည်မို့ စကားစကို ဖြတ်လိုက်ကြသည်။ သို့သော် ထိုကိစ္စအား နှစ်ဘက်လုံး ဘဝင်မကျဖြစ်မိကြ၏။

ဦးမောင်မောင်သန်းတို့အဖို့တော့ ပိုပါသည်။

တစ်လောကလုံး ရုတ်တရက် မှောင်အတိကျသွားသည်ကို ခုနလေးကပင် သူတို့မျက်ဝါးထင်ထင် ခံစားခဲ့ရပါလျက် ရွာကလူတွေမှာ မကြုံလိုက်ရဘူးဆိုနေ၏။

ခုအချိန် ကောင်းကင်ကို မော့ကြည့်တော့လည်း ကြည်လို့ လင်လို့။

ညနေချိန်၏ အလင်းရောင်အားနည်းလာခြင်းမျှသာရှိသော်လည်း ပိန်းပိန်းပိတ်အောင်တော့ မမဲမှောင်သေး။

သူတို့ရဲ့အာရုံမှောက်မှားခြင်းများ ဖြစ်နေမလား?

ဒါဆို

ပြေးရင်းလွှားရင်း အမှောင်ထဲမှာ မြင်ခဲ့ရသော အနက်ရောင်အိမ်ကြီးကရော ...



ယခုပင် ထိုအိမ်ကြီးမှ တဖြည်းဖြည်းပွင့်ဟလာသော စိမ်းဖန့်ဖန့် အလင်းမျက်ဝန်းကြီးများကို မြင်ယောင်နေမိသေးသည်။

ညပိုင်း လူအတော်ရှင်းသွားတော့မှ ရွာရှိ သူတို့တည်းခိုဖြစ်သော သူကြီးအိမ်တွင် ထိုအိမ်မဲကြီးအကြောင်း အရိပ်အမြွက် မေးကြည့်မိကြ၏။

သို့သော် ...

ရွာခံများ၏ တုံ့ပြန်အဖြေကို ကြားရစဉ်မှာတော့ ...

သူတို့မှာ ကိုယ့်နားကိုယ်ပင် မယုံနိုင်အောင် ဖြစ်သွားကြလေသည်။

"ဟင်! အဲ့ဒီရွာနောက်ယွန်းယွန်းက တလင်းပြင်မှာ ဘာအဆောက်အဦမှ မရှိဘူး၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ အဲ့ဒီတလင်းပြင်မှာ သစ်ပင်ကြီးတစ်ပင်ကလွဲလို့ ဘာမှမရှိဘူး၊ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းတဲ့နေရာကြီး ဘယ်သူက အဆောက်အဦ သွားဆောက်နေရဲမှာလဲ''

''ဟို .. ရှေးကဆောက်ထားပြီး ခုလူမနေ တော့တဲ့အိမ်ပျက်ကြီးတစ်ခုခုများ ရှိမလား''

''ဟင်အင်း၊ အဲ့ဒီ တလင်းပြင်မှာ သစ်ပင်ကြီးတစ်ပင်ကလွဲလို့ ဘာမှမရှိပါဘူးဆိုနေ''

သူတို့ ပြူးတူးပြဲတဲမေးသမျှကို ဒိုင်ခံဖြေနေရသော သူကြီး၏တူမလေးက စိတ်ပင်တိုလာဟန်တူ၏။ နားမလည်စွာ အတင်းမေးနေသော အောင်ခိုင်ကို လက်ပြပြီး ဦးမောင်မောင်သန်းက ဝင်ပြောလိုက်၏။

''ဒါဆို ညီမတို့ရွာက လူတွေ အဲဒီနေရာကို ဘာလို့ကြောက်ကြတာတုန်း''

''အဲဟို သစ်ပင်ကြီးကြောင့်ပေါ့၊ သူက သိပ်ကြမ်းတာရှင့်၊ ညပိုင်းတွေများ သူ့နားကပ်မသွားနဲ့ လူ၊ မြင်း၊ ကျွဲ၊ နွား အကုန်ဗိုင်းကန်လဲကျပြီး သေတော့တာပဲ၊ လက်သည်ကို ရှာမရဘူး၊ ပြီးတော့ တစ်ခါတစ်ခါ ကျရင်လဲ



သူ့ဆီက အသံနက်ကြီးနဲ့ ညည်းညူသံကို ကြားရတယ်ရှင့်''

ဦးမောင်မောင်သန်းတို့ အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။ ညည်းသံကြီး ကြားရတတ်သည်ဆိုတော့ သူတို့နှင့်ပတ်သက်မှုတစ်ခုကိုတော့ တွေ့ရလေပြီ။

ဒါပေမယ့် အိမ်ကြီးက ဘယ်မှာလဲ။

သူတို့အိပ်မက်ထဲတင်မက သိပ်မကြာမြင့်လှသေးသော အချိန်ကပါ သူတို့မြင်တွေ့လိုက်ရသော ခြောက်ခြားစဖွယ် အိမ်ကြီးမှာ အသိရခက်စွာ ပျောက်ကွယ်၍နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အဲ့ဒီနေရာမှာ အိမ်ကြီး တစ်အိမ်ရှိပါတယ်"

တစ်ရွာလုံး ဖတ်ဖတ်မောအောင် မေးမြန်းစုံစမ်းပြီးတော့မှ သူတို့အတွက် သဲလွန်စတစ်ခုကို ရခဲ့၏။ ရွာ၏အသက်အကြီးဆုံးဖြစ်သော ဦးဘိုးခြံုက ပြောပြခြင်းဖြစ်သည်။

ဦးထွန်းရွှေက အားတက်သရောမေး၏။

"အဘရော တွေ့ဖူးလားဟင်"

"ဟင်အင်း"



အဘိုးကြီးခေါင်းခါသည့်ကြောင့် သူတို့အံ့သြသွားကြ၏။

"အဘတို့ မမွေးခင်ကပေါ့၊ အဲ့ဒီနေရာမှာ အိမ်ကြီးတစ်အိမ်ရှိခဲ့ဖူးတယ်လို့ ပြောကြတာပဲ၊ အရမ်းကြောက်စရာကောင်းတယ်တဲ့၊ သရဲအရမ်းခြောက်တယ်ဆိုလား အတော်ကြမ်းတမ်းတယ်လို့ ပြောကြတာပဲ၊ ကြာလာတော့ ရွာလူထုက မခံမရပ်နိုင်တော့တာနဲ့ အဲ့ဒီအိမ်ကြီးကို ဝိုင်းဖျက်လိုက်ကြတယ်။ ဒါပေမယ့် အဲ့ဒီအိမ်မှာ နဂိုက မှီကပ်နေတဲ့ အကောင်ကြီးကတော့ အနားကသစ်ပင်ဆီရောက်သွားတယ်ဆိုပဲ၊ အခု လူတွေကြောက်နေကြတဲ့ သစ်ပင်ကြီးဟာပေါ့ကွယ်၊ တစ်ချို့ပြောကြတာတော့ အဲ့ဒီမှာ ဘီလူးကပ်နေတယ်ဆိုလား ဘာလားပဲ"

ဦးဘိုးခြံုမှာ စကားကို ထိုနေရာအရောက်၌ ရပ်တန့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရင်ထဲတွင် ပြဿနာတစ်ခုအတွက် ကျေလည်သွားသော်လည်း နောက်ထပ်ပြဿနာအသစ်၊ မေးခွန်းသစ်များစွာ ဖြစ်ပေါ်လာကြလေ၏။

အဲ့ဒီ ယခင်ကရှိခဲ့ဘူးသောအိမ်ကြီးနှင့် သူတို့ ဘယ်လိုပတ်သက်နေသလဲ?

အဲ့ဒီအိမ်ကြီးမှာ ရှိနေခဲ့ဖူးပြီး ယခု အနီးသစ်ပင်ပေါ်ရောက်သွားသည်ဆိုတာကရော ဘာလဲ? ဘာလို့များ ဒီလိုအဖြစ်တွေ မွေးဖွားလာရတာလဲ?

ထိုမေးခွန်းများအား ကျေလည်စေဖို့အတွက် နောက်နေ့မှာ သူတို့ထိုနေရာသို့ ထပ်သွားကြည့်ကြဖို့ ဆုံးဖြတ်မိသည်။

ဟိုအိမ်ကြီး အဲ့ဒီနေရာမှာ မရှိဘူးဆိုသည်ကြောင့်လည်း ထိုသို့ အတင့်ရဲသွားခဲ့ကြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၂ ]

သစ်ပင်ကြီးကို အဝေးကပင် သူတို့လှမ်းမြင်မိကြလေသည်။

ကျွန်းပင်အမျိုးအစားဖြစ်လိမ့်မည် ထင်၏။ ဖြောင့်ဖြောင့်မတ်မတ်ကြီး မြင့်သွားလိုက်တာမှ မိုးထိုးမတတ်၊ လုံးပတ်ကလည်း ယောက်ျားကြီး နှစ်ယောက်ဖက်စာလောက် ကြီးမား၏။

တိတ်ဆိတ်နေသော ကုန်းမြေခေါင်ခေါင်တွင် အပင်ကြီးရှိနေပုံက ဘီလူးကြီးတစ်ကောင်ရပ်နေသည့်သဖွယ် ထင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားလည်း တစ်ခွန်းမှမဆို၊ ခြေကိုလည်း တတ်နိုင်သမျှ ညင်သာစွာ ဖော့နင်းလျက် သူတို့ လျှောက်လာခဲ့ကြသည်။ သစ်ရွက်ခြောက်တွေပေါ် နင်းမိတာမျိုး ချိုးကနဲ ချွတ်ကနဲ အသံလေးမျှ ထွက်ပေါ်သွားလျှင်ပင် စိုးရိမ်တကြီး ဖြစ်သွားတတ်ကြ၏။

ခပ်မှန်မှန်လှမ်းနေမိသော ခြေလှမ်းများသည် ကြောက်စိတ်က တုံ့ဆွဲလိုက်သဖြင့် မကြာခဏ အရှိန်လျှော့ကျသွားကြ၏။

သစ်ပင်ကြီးနား နီးလာလေလေ သူတို့ခြေလှမ်းများ လေးလာလေလေ။

ထိုစဉ်မှာပင် ...

သစ်ပင်ကြီး၏ တဖြည်းဖြည်း လှုပ်ယိမ်းလာသောအဖြစ်ကို သူတို့ မြင်တွေ့ခဲ့ရခြင်းဖြစ်လေသည်။

"လေတိုက်တာနဲ့တူတယ်"

ဦးမောင်မောင်သန်းက တီးတိုးမှတ်ချက်ချသည်။ သို့သော် သူ့လေသံကပင် သူပြောသည့် စကားကို ကိုယ်တိုင်မယုံမကြည် ဖြစ်နေမှန်းပေါ်လွင်နေ၏။



သစ်ရွက်များစွာ ...

သစ်ပင်ကြီးမှ တဖြည်းဖြည်း ကြွေကျလာကြလေ၏။

ပထမတစ်ရွက်စ နှစ်ရွက်စ။

နောက်တဖြည်းဖြည်းပို၍ များလာခဲ့သည်။

ရုတ်ချည်းပင် ကောင်းကင်တစ်ခွင်လုံးအနှံ့ သစ်ရွက်မိုးကြီး ရွာကျသလိုမျိုး ဖြစ်လာလေတော့သည်။

သူတို့မှာ သစ်ပင်ကြီးနှင့်ဝါးတရိုက်သာသာ အကွာသို့ ရောက်ရှိနေကြလေပြီ။

လောကတစ်ခုလုံး၏ မြင်ကွင်းအား သစ်ရွက်တွေ ကြွေကျနေခြင်းက ပိတ်ဆီးလိုက်သလိုဖြစ်သွားခဲ့၏။

အရှေ့အနောက်ထက်အောက်ဝဲယာ ဘာကိုမှ မမြင်ရတော့။

ထိုစဉ်မှာပင် အခါပေါင်းများစွာ ကြောက်ရွံ့စွာ သူတို့ကြားဖူးနေကျဖြစ်သော ညည်းညူသံကြီးကို ကြားလာမိရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ညည်းညူသံရှင်သည် သူတို့ရှေ့ မလှမ်းမကမ်းမှာပင် ရှိနေသည်။ သို့သော် သစ်ရွက်မိုးကြီး ကာဆီးနေသဖြင့် မမြင်ကြရ၏။

တစ်ယောက်၏ကြောက်ရွံ့စိတ်ကို တစ်ယောက် အပြန်အလှန် ဖေးမလျက် လက်တွေချင်းတင်းတင်း ဆုပ်ကိုင်ထားကြလေတော့၏။

ဘာတွေများ တွေ့ကြုံလာရမလဲ?

ဘာတွေများ ဖြစ်ပျက်သွားမလဲ?

ဒီနေ့၊ ဒီနေရာ၊ ဒီအချိန် ··· မှာပင် အဆုံးတိုင် သူတို့ရင်ဆိုင်လိုက်တော့မည်။

နောက်ထပ် အနာဂတ်နေ့များစွာကို တကြောင့်ကြကြ စိုးရွံ့စိတ်များဖြင့် မဖြတ်သန်းလိုတော့။

အကယ်၍ အနာဂတ်ဆိုသည်မှာ သူ့အတွက် မရှိတော့လျှင်လည်း ရှိစေတော့။

ညည်းသံသည် တစ်စထက်တစ်စ ပိုကျယ်လောင်လာခဲ့သည်။

ရှူးရှူးရှားရှား ···



တဖြည်းဖြည်း နားမခံနိုင်စရာဖြစ်လာခဲ့၏။

အသံလုံးလေးက တစ်စစသေးမျှင်လာကာ လေချွန်သံများလိုဖြစ်လာခဲ့လေသည်။

နားတွေကို ပိတ်ကာထားလို့လဲမရ။

အသံလှိုင်း၏ တုန်ခါမှုက နှလုံးသားသို့တိုင် ရိုက်ခတ်နေ၏။

နားတွေဆူလွန်းလှသဖြင့် ပျို့ချင်အန်ချင်သလိုပင် ဖြစ်လာခဲ့သည်။ အားလုံးမူးနောက်နောက် ရီဝေဝေ ဖြစ်လာခဲ့၏။

သစ်ရွက်ကြွေတံတိုင်းကြီးနောက်မှ မီးခိုးလိုလို၊ မြူလိုလို အဖြူရောင် အခိုးငွေ့စုလေးတစ်စုသည် ရုတ်တရက် ထွက်ပေါ်လာကာ သူတို့တစ်ဦးစီ၏ ခန္ဓာကိုယ်များကို တိုးဝှေ့ဖြတ်ကျော်၍ သွားသည်။

အာရုံထဲတွင် ···

အိပ်မက်မက်သည်လည်း မဟုတ် ···

သတိလစ်သွားသည်လည်းမဟုတ် ·· ပါဘဲနှင့် ပုံရိပ်သဏ္ဍာန်များသည် တဖျပ်ဖျပ်ပေါ်ထွက်လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခင်အချိန်များက မေ့လျော့နေခဲ့သော အချင်းအရာတစ်ခုကို ပြန်သတိရလာသလို အဖြစ်အပျက်တို့သည် သူတို့၏ တဆတ်ဆတ်ခုန်နေသော အသိစိတ်များအတွင်း၌ ဖျိုးကနဲ ဖျပ်ကနဲ စီကာစဉ်ကာ ဖြစ်ပေါ်လာကြလေသည်။

သူတို့ စိတ်အတွင်းပိုင်း၏ အနက်ရှိုင်းဆုံး၌···

အရင်ဆုံး အိမ်ကြီးတစ်ဆောင်၏ တံခါးဝကို မြင်ယောင်မိကြသည်။

ထို့နောက် ထိုအိမ်အတွင်း၌ ရယ်မော၍နေကြသော လူခြောက်ယောက်နှင့် ထိုလူခြောက်ယောက်၏ အလယ်၌ တုန်ယင်ကြောက်ရွံ့နေသော ကောင်လေးတစ်ယောက်။

ထိုကောင်လေး၏ မျက်နှာကို သေချာမမြင်မိသော်လည်း ရယ်မောနေသော လူခြောက်ယောက်မှာမူ သူတို့ခြောက်ယောက်ဖြစ်ကြောင်း နားလည်လိုက်မိကြ၏။

ထို့နောက် တံခါးရွက်ပိတ်သံ ဂျိမ်းကနဲ။



အိမ်ကြီးအလည်၌ တစ်ယောက်ထဲ ထိတ်လန့်စွာကျန်ခဲ့ရသော ကောင်လေး၏အသွင်။

အိမ်၏တံခါးချပ်ကို တုန်လှုပ်စွာ အလောသုံးဆယ် တွန်းဖွင့်ဖို့ ကြိုးစားနေသောလက်များ။

တဖြည်းဖြည်း သွေးပျက်လာသောမျက်နှာ···

နောက်ဆုံး၌ နာကျင်ထိတ်လန့်မှု များစွာဖြင့် အာခေါင်ခြစ်အော်ဟစ်လိုက်သောအသံ။

ထိုပုံရိပ်များဆုံးဆုံးချင်းမှာပင်

သူတို့ကြားနေရသော ရူးရူးရှရှညည်းညူသံက အခေါင်အထွဋ်သို့ ရောက်သွားခဲ့သည်။

အားလုံး ကိုယ်စီကိုယ်စီ

နေရာမှာပင် ဝုန်းကနဲ ဝုန်းကနဲ ပစ်လဲကျကုန်၏။

ရင်ထဲတွင် ···

စိုးရွံ့စိတ်တစ်ခုနှင့် နှမြောတသစိတ်တစ်ခု ···

အတူတကွ ဖြစ်ပေါ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာပင် သူတို့ဘဝအဆုံးသတ်သွားခဲ့ပြီလား?

သတိလက်လွတ်ဖြစ်မသွားခင် နောက်ဆုံးစက္ကန့်လေးအတွင်းမှာပင် ဟိုတနေ့ကမြင်တွေ့ခဲ့သောနှစ်ဆောင်ပြိုင် အိမ်မည်းကြီးကိုလည်း ဖျပ်ကနဲ မြင်လိုက်မိကြပါလေသည်။

ဒီတစ်ခါတော့ အိမ်ကြီး၏ မျက်လုံးသဖွယ် အလင်းပွင့်တစ်စုံက ပွင့်ဟ၍နေသည်။

ထို့နောက် ...

တဖြည်းဖြည်း မှေးမှိတ်သွားကာ

အမှောင်ထုကြီးသာ လုံးဝကြီးစိုးသွားလေတော့သည်။

ဿဿဿဿ


www.burmeseclassic.com

www.burmeseclassic.com



[ ၁၃ ]

အကယ်၍

ရွာသားများသာ အချိန်မီရောက်မလာခဲ့ပါက သူတို့ တကယ်ပင် သေဆုံးသွားတော့မလို့ဖြစ်ပါသည်။

လေပြင်းကြား၌ သတိလစ်နေခဲ့သော သူတို့ကို ရွာသားများက သက်စွန့်ဆံဖျား ကယ်ထုတ်ခဲ့ကြရ၏။

နောက်နေ့ကျတော့ ရွာသားတွေက ပြန်ပြော ပြကြသည်။

"ခင်ဗျားတို့ သတိရလာအောင် အတော် လုပ်ယူခဲ့ကြရတယ်ဗျာ၊ ကျုပ်တို့တော့ သွားပြီ မှတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အဲဒီနေရာမှာ ရှိနေမှန်းဘယ်လို လုပ်သိသလဲ"

"ဦးဘိုးခြုံက ပြောပြလို့"

သူတို့ ထိုနေရာသွားမည်ဟု မပြောပြထားခဲ့ပါဘဲလျက် ဦးဘိုးခြုံ ဘယ်လိုလုပ်များ သိသွားခဲ့ပါလဲ၊ စဉ်းစား၍ မရပါ။

ပြီးတော့ ထုံးစံအတိုင်းပင် ဂရုဏာဒေါသဖြင့် ဆူညံပွက်လောရိုက်အောင် အပြစ်တွေတင်ကြလေ၏။ သူတို့ ဒီတစ်ခါတော့ အသေအချာ ကတိပေးဖြစ်ကြသည်။

"နောက်ဆို အဲဒီကို မသွားတော့ပါဘူးဗျာ၊ စိတ်ချပါ"

တကယ်လဲ သူတို့ထိုနေရာထပ်သွားဖို့ လိုအပ်တော့မည် မဟုတ်ပါချေ။

တကယ်တမ်းဆို မနေ့ကပင် သူတို့ဘဝတွေ ဆုံးကြရတော့မလို့မဟုတ်လား။ အရာအားလုံးသည် မနေ့က အဖြစ်များတွင်ပင် ကျန်ရစ်ပြီးဆုံးခဲ့လေပြီ။



"ဒါနဲ့ ကျုပ်တို့ခင်ဗျားတို့ဆီ ကယ်ဖို့လာနေတော့ ကြားရတဲ့ တရှီးရှီးအသံရှူးရှူးကြီးက လေပြင်းတိုက်သံလား"

ဟု ရှာသားတစ်ယောက်မေးသည်ကိုတော့ ...

"အင်း ... ဟုတ်လိမ့်မယ်နဲ့တူတယ်"

ဟုသာ သူတို့မတင်မကျ ဖြေဖြစ်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်တစ်ရက်ကျတော့မှ ...

ဦးဘိုးခြုံနှင့် သူတို့တွေ့ဖြစ်ခဲ့ကြ၏။ ဦးဘိုးခြုံက သူမက်သော အိပ်မက်ကို ပြောပြသည်။

"အာဘက အသက်ကြီးပြီဆိုတော့ နေ့လည်နေ့ခင်း တစ်ရေးတမောအိပ်လေ့ရှိတယ်လေ၊ အဲ့ဒါ ဟိုနေ့က အိပ်ပျော်သွားတုန်း အိပ်မက်ထဲမှာ အိမ်မဲကြီး တစ်ခုကို မြင်ရတယ်။ အဲ့ဒီ အိမ်မည်းကြီးကလည်း သတ္တဝါကြီးတစ်ကောင်လိုပဲ မျက်လုံးကြီးနှစ်လုံးနဲ့၊ သိပ်ကြောက်စရာကောင်းတာပဲ၊ ကြည့်နေရင်းကနေလေ အဲ့ဒီ အိမ်မည်းကြီးဟာ အရိုးခေါင်းကြီးဖြစ်သွားပြီး အဲ့ဒီ



အရိုးခေါင်းကြီးရဲ့ မျက်လုံးနှစ်လုံးဟာ မြွေကြီးနှစ်ကောင်ရဲ့ မျက်လုံးတွေဖြစ်နေတယ် မျက်စိပေါက်ကနေ အဲ့ ဒီမြွေနှစ်ကောင် လျှောထွက်လာတာပေါ့။ ထွက်လာလာချင်းပဲ ပါးစပ်ကြီးတွေကို ဖြဲလာလိုက်တာ အစွယ်တွေ တဖွေးဖွေးနဲ့ အသည်းယားစရာကြီး။ မြွေကြီးနှစ်ကောင်က လျှောတိုက်ထွက်လာရင်း ပူးကပ်သွားကြတယ်။ သူတို့ရဲ့ ဟထားတဲ့ ပါးစပ်ကြီးတွေလဲ ပူးသွားတော့တာပေါ့။ တစ်ခုခုကို မျိုမလို့ပြေးလာတာ သိလား၊ အဲ့ဒီအချိန်မှာ အဘလဲ အိမ်ရာက ဖြုန်းကနဲလန့်နိုးတယ်၊ နိုးနိုးချင်းပဲ ဘာကြောင့်မှန်း မသိဘူး လူလေးတို့ကို စိုးရိမ်သွားတာနဲ့ စိတ်ထဲ လူလေးတို့ရှိမယ်ထင်တဲ့ နေရာဆီ ရှာသားတွေ လွှတ်ရှာခိုင်းရတာ"

ယင်းမှာ ပြီးဆုံးသွားသောအရာတစ်ခု၊ အိပ်မက်တစ်ခုသာဖြစ်သော်လည်း ဦးဘိုးခြုံ၏စကားဆုံးသွားတော့ သူတို့ ကျောချမ်းသွားမိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်သန်းက အဖြစ်အပျက်အားလုံး ပေါ် ခြုံငုံ၍ကောက်ချက်ချ၏။

"ဟိုနေ့က တို့တွေ့လိုက်တဲ့ မြင်ကွင်းတွေဟာ တစ်ချိန်ချိန်၊ တစ်နေ့နေ့တုန်းက တို့တကယ် လုပ်ခဲ့ဘူးတာနဲ့ တူတယ်"

"ဒါဆို ကျွန်မတို့က ကောင်လေးတစ်ယောက် ကို ရက်စက်ခဲ့ဖူးတာပေါ့၊ ကျွန်မတော့ဒါမျိုး တစ်ခါမှ မလုပ်ဘူးပါဘူး"

ဒေါ်မြဇင်ကို ဦးထွန်းရွှေက ရှင်းပြ၏။



"မဟုတ်ဘူးလေ မြရဲ့၊ ခုဘဝမဟုတ်ဘဲ သံသရာဘဝ တစ်ခုခုမှာတုန်းက ဖြစ်ခဲ့တာ ဆိုရင်ရော"

ကိုသန့်စင်၏ အမြင်ကတော့ ရှင်းသည်။

"ဘာပဲဖြစ်ဖြစ်လေ အဲ့ဒီတုန်းက လူခြောက် ယောက်ဟာ လူဆိုးတွေ၊ ဒါမှမဟုတ် အနောက်အပြောင်သန်သူတွေ ဖြစ်လိမ့်မယ် နဲ့တူတယ်၊ သူတို့ဟာ ကောင်လေးတစ်ယောက် ကို အိမ်ကြီးတစ်အိမ်ထဲမှာ ပိတ်လှောင်ပြီး ထွက်သွားခဲ့ကြတယ်။ ဒါကို တို့ မြင်

ခဲ့မိကြတာ"

"ဒါဆို တို့တွေ ဒီနေရာပြန်ရောက်စေခဲ့တာ ဟာ အဲ့ဒီအဖြစ်တွေကို ပြန်မြင်ရဖို့အတွက် လား"

အောင်ခိုင်က မေးသည့်အခါ အားလုံးနှုတ်ဆိတ် သွားကြလေ၏။ သူက ဆက်ပြောပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



"…ကျွန်တော်တို့ အိမ်တွေမှာနေလို့ ဘယ်လိုမှ မရဘဲနဲ့ ဒီရောက်လာခဲ့ရတာဟာ တစ်ချိန်တုန်းက အပြစ်အတွက် တနည်းနည်း ဒဏ်အခတ် ခံရဖို့များလားဟင်"

"ဘာပဲဖြစ်ဖြစ် ဟိုနေ့က တကယ်တမ်းသာ ဆို တို့တွေသေသွားကြမလို့ဘဲ၊ ရွာသားတွေသာ လာမကယ်ရင်ပေါ့လေ"

စန်းမွန်အောင်မှာ ဝင်ပြောလိုက်ရင်း သက်ပြင်းတစ်ခုကို ရှည်ရှည်လျားလျား ချသည်။ အောင်နိုင်မေးခွန်းတွေက မဆုံးသေး။

"ဒါဆို တို့တွေ့မြင်လိုက်ရတဲ့ မြင်ကွင်းထဲက အိမ်ကြီးထဲမှာ ကျန်ခဲ့တဲ့ကောင်လေးကရော ဘာများဖြစ်သွားလဲ မသိဘူးနော်"

ထိုမေးခွန်းကိုမူ ဘယ်သူမှ မဖြေနိုင်ခဲ့ကြပါချေ။

ဿဿဿဿ



များမကြာမီမှာပင် …

ထိုရွာကလေး၏ နောက်ဘက်တလင်းပြင်ရှိ ကျွန်းပင်ကြီးအနီးတွင် စေတီလေးတစ်ဆူ တည်ထားဖြစ်ခဲ့ကြလေ၏။

စေတီဒါယကာများအဖြစ် …

ဦးမောင်မောင်သန်း၊ ဦးထွန်းရွှေ၊ ကိုသန့်စင်၊ ကိုစန်းမွန်အောင်၊ ကိုအောင်နိုင်နှင့် ဒေါ်မြဇင်တို့၏ နာမည်များကို ကျောက်စာတစ်ချပ်ပေါ် ကမ္ဗည်းထိုး၍ ထားသည်။

သူတို့ မည်သူ့အားရည်စူး၍ ထိုစေတီလေး တည်ထားဖြစ်သည်ကိုတော့ သူတို့ကိုယ်တိုင်မှတစ်ပါး ဘယ်သူမှ သိနိုင်လိမ့်မည်မဟုတ်ပါချေ။

ဒဿ
ရွာ

ဒဿကျော်ရွာ
၃၁. [illegible]-၂၀၀၈
၅း၄၈ pm

www.burmeseclassic.com

www.burmeseclassic.com

အရမ်းထက်မြက်တဲ့
ကောင်လေးတစ်ယောက်နဲ့
ကောင်မလေးတစ်ယောက်။

သူတို့ဟာ အရမ်းချစ်တတ်ကြတယ်
ဒါပေမယ့် ပြိုင်ဘက်တွေအဖြစ် သူတို့ ဆုံဆည်းမိကြတယ်။

သိပ်ဆန်းပြားပြီး သိပ်ခမ်းနားတဲ့
ရင်ခုန်တိမ်းမူးဖွယ် အချစ်ဇာတ်လမ်းလှလှလေးတစ်ပုဒ်။

## နေသော်
## နှင်းဆီနက္ခတ်

ကောင်လေးတစ်ယောက်
ကောင်မလေးတစ်ယောက်
အိပ်မက်ဆန်တဲ့ ပန်းသီးလေးတွေအကြောင်းနဲ့
ပန်းသီးဖြစ်သွားတဲ့ အိပ်မက်ကလေးတွေအကြောင်း

## နေသော်
## ပန်းသီးပုံပြင်


www.burmeseclassic.com

www.burmeseclassic.com

တွယ်တာမှု ၂၀% နဲ့
ရူးသွပ်မှု ၈၀% ပေါင်းထားတဲ့
အချစ်ရဲ့ တသသ မမေ့နိုင်ဖွယ်
ဇာတ်လမ်းလှလှလေးတစ်ပုဒ်

**နေသော်**

# သူကလေးရဲ့ငနဲ



www.burmeseclassic.com

www.burmeseclassic.com

# သရဲဝှက်တမ်းကစားနည်း

နောက်ဖုံးမှာ တွဲလျက်ပါတဲ့ ပုံလေးတွေနဲ့ အဝိုင်းကတ်လေးတွေဟာ
"သရဲဝှက်တမ်းကစားနည်း" အတွက်ပါ။
ပုံကွက်လေးစုစုပေါင်း (၃၆) ခုပါတာ တွေ့ပါလိမ့်မယ်။
အဲဒီထဲကမှ ဖွက်သူအတွက်ဆိုပြီး (၆) ခုပေးထားပြီးတော့ အဖြေရှာသူအတွက်ဆိုပြီး
ကျန် (၃၀) ခု ဘေးမှာရေးထားတာ တွေ့ပါလိမ့်မယ်။
အဲဒီပုံကွက်လေးတွေနဲ့ အဝိုင်းကတ်လေးတွေကို
ကတ်ကြေးနဲ့ ဖြတ်ထုတ်ယူလိုက်ပါ။

**ကစားနည်းစည်းကမ်း**

★ နှစ်ယောက်ကစားနိုင်ပါတယ်။
တစ်ယောက်ကဖွက်ပြီး တစ်ယောက်က အဖြေရှာရမှာပါ။
★ ဖွက်သူ ဟာ အမျိုးအစားမတူတဲ့ ပုံကွက်လေး (၆) ခုထဲက
ကြိုက်ရာ (၄) ခုကို ရွေးပြီး မှောက်ထားလိုက်ရမယ်။
★ အဖြေရှာသူ က မှောက်ထားတဲ့ (၄) ခုနဲ့ နေရာရော
ရုပ်ပုံအမျိုးအစားခြင်းပါတူအောင် တစ်တန်းပြီးတစ်တန်း
စဉ်းစား ချထားရမှာဖြစ်ပါတယ်။
★ (၅) တန်းအထိ အဖြေရှာသူ စဉ်းစားချထားခွင့်ရှိတယ်။
ဒါမှအဖြေမရရင် အဖြေရှာသူ ရှုံးပြီ။

**ကစားပုံအဆင့်ဆင့်**

● အဖြေရှာသူက ကတ်ပြား (၄) ခု တစ်တန်း ချပြီးတိုင်း
ဖွက်သူက အဲဒီအတန်းရဲ့ဘေးမှာ အဝိုင်းကတ်ကလေးတွေနဲ့ အမှတ်ပေးရမယ်။
● အဖြေရှာသူချတဲ့ ကတ်ပြားဟာ ---
ဖွက်ထားတဲ့ကတ်နဲ့ အမျိုးအစားချင်း၊ နေရာချင်းတူနေရင်
 အဝိုင်းကတ်တစ်ခု ဘေးမှာ ချပေးရမယ်။
ဝှက်ထားတဲ့ ကတ်တွေထဲမှာတော့ပါတယ်၊ ဒါပေမယ့် နေရာလွဲနေရင်တော့
 ပုံအဝိုင်းတစ်ခု ဘေးမှာ ချပေးပေါ့။
အဲဒီအဝိုင်းလေးတွေနဲ့ အမှတ်ပေးထားပုံကြည့်ပြီး
အဖြေရှာသူက စဉ်းစားဖော်ထုတ်ရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## နမူနာပွဲ

ဝှက်ထားသောကတ်များ



အဖြေရှာသူဖော်ထုတ်သောအဆင့်များ



## နမူနာပြထားသောပွဲအား စဉ်းစားပုံအဆင့်ဆင့်

ဝှက်ထားသောကတ်များ



ဖွက်သူက ဒီကတ်ပြားတွေကို မှောက်ထားမှာဖြစ်ပါတယ်။
သူ့မှာ (၆)မျိုးဝှက်ခွင့်ရှိတဲ့အထဲက (၄)မျိုး ဝှက်လိုက်ပြီပေါ့။



အဖြေရှာသူက သူထင်တဲ့ ကတ် (၄)ခုချတယ်။
အဲဒီမှာ (၂)ကတ်က ဝှက်ထားတဲ့ထဲက (၃)ကတ် ပါဝင်နေတယ်။
(၂)ခုက နေရာထားချင်းပါ တူတယ်။
တစ်ခုကတော့ အမျိုးတူပြီး နေရာလွဲတယ်။
ဒါကြောင့် နေရာရော အမျိုးပါတူတဲ့ (၂)ခုအတွက်
ဝှက်သူက ၂ခုပေးပြီး
နေရာချင်းမတူတဲ့ဝှက်ထားတဲ့အထဲမှာပါဝင်တဲ့ ကတ်အတွက်
တစ်ခု ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဖြေရှာသူက ရှေ့အတန်းမှာတုန်းက ပုံရော၊ နေရာရောတူတာနှစ်ခုပါနေမှန်း
သိတဲ့အတွက် အလယ် (၂)ကတ်ကို ရှေ့တန်းက အတိုင်းပုံသေထားပြီး
ဘေး (၂)ကတ်ကို ပြောင်းလိုက်တယ်။

ဒီတစ်ခါ ပုံရောနေရာရောတူတာ (၂)ခုထဲပါတော့လို့
အဝိုင်း (၂)ခု အဲဒီအမှတ်ပေးတော့တယ်။

ဒါကြောင့် —



အလယ်က (၂)ကတ်က ပုံရော နေရာရောတူတာ သေချာနေပြီလို့တွက်ပြီး
ဘေး (၂)ခုကို အမျိုးအစားပြောင်းလိုက်တယ်။

ဒီတော့ ဝှက်ထားတဲ့ကတ် (၄)မျိုးလုံး စုံသွားပေမယ့်
(၂)ခုက နေရာချင်း၊ ပုံချင်း တူနေတဲ့အတွက် ပေးပြီး
ကျန် (၂)ခုက နေရာလွဲနေလို့ ပေးပါတယ်။



ဒီတစ်ခေါက်မှာ ဘေးက (၂)ခုကို နေရာချင်းလဲလိုက်ပြီပေါ့။
ဒါကြောင့် ဝှက်ထားတဲ့ကတ်တွေနဲ့ နေရာရော ပုံချင်းပါတူအောင် ရှာနိုင်သွားပြီမို့
အဝိုင်း (၄)ခု ရပြီး ပွဲပြီးသွားပါပြီ။
အဖြေရှာသူ နိုင်သွားပြီပေါ့။



BURMESE CLASSIC .com
www.burmeseclassic.com



အဖြေရှာသူအတွက်
www.burmeseclassic.com